# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**မမေ့မလျော့ခြင်း**

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့ သောသူတို့သည်သေသည်မမည်ကုန်။ မေ့လျော့သောသူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်   ၂၀၂၁ ခုနှစ်၊ မတ် ၉ ရက်၊ အင်္ဂါနေ့   အတွဲ (၆၀)၊ အမှတ် (၁၆၀)

# တိုင်းပြည်စီးပွားရေးအတွက် အဓိက မောင်းနှင်အားဖြစ်သည့် ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် ဆောင်ရွက်သွားရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၅/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ပထမရက်သတ္တပတ်အတွင်း ပုံမှန်အခြေအနေရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင်ဆန္ဒပြမှုများရှိသဖြင့် မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်အထိ မြို့နယ် ၂၀၀ ကျော်တွင် ဆန္ဒပြမှုများရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ အကြမ်းဖက်လုပ်ရပ်များ စတင်လာသည်ကိုတွေ့ရပြီး လုံခြုံရေးဝန်ထမ်းများအား ခဲ၊ ဂျင်ကလိ၊ လေးခွ၊ ကုန်းသီး၊ တူမီး၊ လုပ်သေနတ်တို့နှင့် ပစ်ခတ်တိုက်ခိုက်သည့်အပြင် မီးရှို့ဖျက်ဆီးခြင်းလုပ်ရပ်များကိုလည်း ဆောင်ရွက်လာကြောင်း၊ ဆူပူဆန္ဒပြသူအချို့ကို ဖမ်းဆီးခဲ့သော်လည်း တချို့ကိုစစ်ဆေးပြီး ပြန်လွှတ်ရန်စီစဉ်နေကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် အသက်သာဆုံးနှင့် အညင်သာဆုံးဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ရာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၈၅ ဦး၊ အမျိုးသမီး ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုသို့သေဆုံးမှုတွင် မန္တလေးမှ အမျိုးသမီးတစ်ဦးနှင့် နေပြည်တော်မှ အမျိုးသမီး တစ်ဦးတို့မှာ ရဲတပ်ဖွဲ့ဝင်များ

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ဆေးဝါးကုသ

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ COVID-19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center တွင်ထားရှိပြီး လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာနေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် အခြေအနေ ရှင်းလင်းအသိပေး**

စာ » ၅

.................................

**မေတ္တာနဲ့သာ တုံ့ပြန်ပါ**

စာ » ၆

မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးရေး ပူးပေါင်းပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူခဲ့သည်မှာ တစ်လနှင့် ရက်သတ္တတစ်ပတ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မြို့ပြဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် ဆန္ဒပြမှုများမှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ၊ အကြမ်းဖက်လုပ်ရပ်များ ပါဝင်လာခဲ့သည်ကို တွေ့ရသည်။ ဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ ဒီမိုကရေစီနည်းလမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရသလို အကြမ်းဖက်လုပ်ရပ်များကိုမူ လိုအပ်သလို ဖြိုခွင်းနှိမ်နင်းရသည်များလည်းရှိသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာခဲ့သော ပြီးခဲ့သည့် အစိုးရနှစ်ရပ်လက်ထက်တွင်လည်း ဆန္ဒပြမှုများနှင့် ဆူပူအကြမ်းဖက်မှုများကို လိုအပ်သလို ဖြိုခွင်းနှိမ်နင်းခဲ့ကြရသည်။

ဆူပူအကြမ်းဖက်သူများမှာ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်၊ ရိုက်နှက်ညှဉ်းပန်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများနှင့် ပြည်သူအချို့အား သတင်းပေးများအဖြစ် စွပ်စွဲကာ လူအုပ်စုဖြင့် မတရားချုပ်နှောင်ခြင်း၊ လူ့ဂုဏ်သိက္ခာထိပါးစေသည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခြင်းတို့ကို မင်းမဲ့စရိုက်ဆန်စွာ ပြုမူခဲ့ကြသည်။ ယခုအခါ ယင်းသို့ပြစ်မှုကျူးလွန်သူများအနက်မှ ပါဝင်သူအချို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိအစိုးရကို ဆန့်ကျင်နေသူများအနေဖြင့် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်မှုရရန်ရည်ရွယ်ပြီး လမ်းပေါ်ဆန္ဒပြပွဲများ မပြတ်ပြုလုပ်နေရေး၊ ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် အင်အားသုံးဖြိုခွဲမှုများ ပေါ်ပေါက်လာစေကာ အစိုးရအပေါ် ပြည်တွင်းပြည်ပမှ ဖိအားများ ပိုမိုကျရောက်လာစေရေး၊ CDM လှုပ်ရှားမှုများဖြင့် အစိုးရကို အကျပ်ရိုက်စေကာ ပြည်သူ့ဝန်ဆောင်မှုများ ရပ်ဆိုင်းသွားခြင်းကြောင့် ပြည်သူလူထုအတွင်း တင်းမာမှုများ မြင့်တက်လာစေရေး၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ရပ်ရွာပြည်သူလူထုက အမြင်စောင်းလာစေရန် သွေးထိုးလှုံ့ဆော်ပေးခြင်းဖြင့် ဝန်ထမ်းများ စိတ်ဓာတ်ပျက်ပြားလာစေရေးတို့ကို နည်းလမ်းမျိုးစုံအသုံးပြုကာ လုပ်ဆောင်နေကြခြင်းကို တွေ့ရသည်။

ယခုအခါ ဆန္ဒပြဆူပူမှုများ၊ CDM လှုပ်ရှားမှုများ၏ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားခဲ့သူများ၊ ဘဏ္ဍာငွေရှာဖွေထောက်ပံ့မှုလမ်းကြောင်းများကို စတင်ဖော်ထုတ်တွေ့ရှိလာပြီဖြစ်သလို နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အကြမ်းဖက်လုပ်ရပ် ပြုလုပ်ခဲ့သူများကို ဖမ်းဆီးအရေးယူမှုများလည်း ဖြစ်ပေါ်လာပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်သွားမည့် လမ်းပြမြေပုံကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းပင်ဖြစ်သည်။ ယင်းရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသော အချက်ပါဝင်သည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် အောင်မြင်နိုင်ရန်မှာ နိုင်ငံအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ မဖြစ်မနေလိုအပ်သည့်အလျောက် နိုင်ငံသူ နိုင်ငံသား ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဆူပူအကြမ်းဖက်မှုများ ဖယ်ရှားကာ ငြိမ်းချမ်းညင်သာသည့် နိုင်ငံရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲဝင်စွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော်   မတ်   ၈

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၁၃၉ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၂၁ ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

ဒီနေ့ ကျင်းပပြုလုပ်တဲ့ ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံများရဲ့ အဓိကကျတဲ့ အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၅ ခုနှစ်မှာ မတ်လ(၈)ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"** အဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ပါတယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကိုလိုနီခေတ် လွတ်လပ်ရေး ကြိုးပမ်းမှုကာလများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာ ရှိခဲ့ကြသလို ခေတ်အဆက်ဆက်မှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာအတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များမှာ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများ ပေါ်ထွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံ လူဦးရေ (၅၄.၉) သန်းခန့်မှာ အမျိုးသမီးပါဝင်မှုက (၅၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေမှာလည်း စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်နေကြတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာအမျိုးသမီးများအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကို ကိုယ်စားပြုတဲ့အနေနဲ့ နှစ်စဉ် မတ်လ (၈) ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာမှာ အခမ်းအနားတွေ ကျင်းပတဲ့နည်းတူ ကျွန်တော်တို့နိုင်ငံမှာလည်း မြန်မာအမျိုးသမီးများရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေဖို့ အခုလို နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ အမျိုးသမီးတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေအရပ်ရပ်ကို ဝိုင်းဝန်းဖြေရှင်းပြီး ၎င်းတို့ရဲ့ စွမ်းပကားတွေ မြင့်မားလာစေဖို့အတွက် အမျိုးသမီးအရေးတွေကို နေရာအနှံ့မှာ ဘက်စုံထောင့်စုံကနေ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများရဲ့ အခန်းကဏ္ဍတိုးတက်မြင့်မားရလေအောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကားပြောကြားစဉ်။

ဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲအကောင်အထည်ဖော်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ (မူကြမ်း) ရေးဆွဲထားရှိမှု၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP )၊ COVID-19 ကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID- 19 Economic Relief Plan-CERP) ကို ရေးဆွဲအကောင်အထည်ဖော်မှုတို့ဟာ မြန်မာအမျိုးသမီးများအတွက် ထိရောက်တဲ့ အထောက်အပံ့ကောင်းများ ရရှိစေတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

ထပ်မံရေးဆွဲနေတဲ့ COVID-19 ကပ်ရောဂါအလွန် မြန်မာနိုင်ငံရဲ့ စီးပွားရေးပြန်လည်ထူထောင်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက် (Myanmar Economic Recovery and Reform Plan-MERRP) ကဲ့သို့သော နိုင်ငံတော်ရဲ့ စီးပွားရေးကုစားမှုစီမံချက်တွေမှာလည်း ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းပကားမြှင့်တင်မှု ရှုထောင့်တို့ကို ပေါင်းစပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂက ယခု ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ချမှတ်ထားတဲ့ ဦးတည်ချက်ဆောင်ပုဒ်ကတော့ **Women in leadership: Achieving an equal future in a COVID-19 world (တန်းတူညီမျှတဲ့ အနာဂတ်ဖော်ဆောင်ဖို့ အမျိုးသမီး ကဏ္ဍမြှင့်တင်လို့ COVID-19 တုံ့ပြန်စို့)** ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်ပုဒ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိလုပ်ဆောင်မှုများက ကိုက်ညီမှုရှိနေတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ယိုယွင်းပျက်စီးနိမ့်ကျခဲ့ရတဲ့ ကဏ္ဍပေါင်းစုံကို ပြန်လည်ထူထောင်နိုင်ရေးမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြလျက်ရှိပါတယ်။

စစ်မှန်တဲ့ တန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသမီးများနဲ့ အမျိုးသမီးငယ်တွေရဲ့ တစ်ဦးချင်းတန်ဖိုးကို အသိအမှတ်ပြုသလို မိသားစု၊ ရပ်ရွာနဲ့ လူ့အဖွဲ့အစည်းအတွက် ၎င်းတို့ရဲ့ တန်ဖိုးရှိမှုကိုလည်း လေးစားအသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ လူတိုင်း ကျား/မ မဟူ၊ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနဲ့ တန်းတူရည်တူ အခွင့်အရေးရှိခြင်းကို အလေးအနက်ဂရုပြုရန်ဆိုတာကို ဖော်ပြထားပါတယ်။ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံ ဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှာ အမျိုး သမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများ ညီလာခံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း (Beijing Declaration) နဲ့ ဘေဂျင်းလုပ်ငန်း စီမံချက်ကို အတည်ပြုချမှတ်ခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ခုမှာလည်း ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံးစွမ်းပကားတိုးမြှင့်စေရေးဆိုတဲ့ အချက်ပါရှိပြီး ဒီအချက်ကို မြန်မာနိုင်ငံအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ချိတ်ဆက်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။ *စာမျက်နှာ ၅ သို့*

- **မြန်မာနိုင်ငံ လူဦးရေ (၅၄.၉) သန်းခန့်မှာ အမျိုးသမီးပါဝင်မှုက (၅၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေမှာလည်း စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်နေကြတာ တွေ့မြင်ရမှာဖြစ်**
- **စစ်မှန်တဲ့ တန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသမီးများနဲ့ အမျိုးသမီးငယ်တွေရဲ့ တစ်ဦးချင်းတန်ဖိုးကို အသိအမှတ်ပြုသလို မိသားစု၊ ရပ်ရွာနဲ့ လူ့အဖွဲ့အစည်းအတွက် ၎င်းတို့ရဲ့ တန်ဖိုးရှိမှုကိုလည်း လေးစားအသိအမှတ်ပြုရမှာဖြစ်**

**“ CDM လှုပ်ရှားမှုမှာ ရုတ်တရက်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ယခင်ကတည်းက ကြိုတင်စီစဉ်ထားသည်ဟု ယူဆကြောင်း၊ CDM လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ငွေကြေးစီးဝင်မှုအရင်းအမြစ်များကို စိစစ်ဖော်ထုတ်နေကြောင်း၊ ယမန်နေ့ကလည်း သတင်းထုတ်ပြန်ထားကြောင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများရှိသော်လည်း အစိုးရနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများကိုသာ ဆန္ဒပြခြင်းဖြစ်ပြီး စီးပွားရေးထိခိုက်အောင် လုပ်ဆောင်ခြင်းမရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများ ထိခိုက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း ”**

*✻ ရှေ့ဖုံးမှ*

အသုံးပြုသည့် လက်နက်ကြောင့် မဟုတ်ဘဲ ပြင်ပမှပစ်ခတ်သည့် လက်နက်တစ်ခုကြောင့် ဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း။

CDM လှုပ်ရှားမှုမှာ ရုတ်တရက်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ယခင်ကတည်းက ကြိုတင်စီစဉ်ထားသည်ဟု ယူဆကြောင်း၊ CDM လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ငွေကြေးစီးဝင်မှုအရင်းအမြစ်များကို စိစစ်ဖော်ထုတ်နေကြောင်း၊ ယမန်နေ့ကလည်း သတင်းထုတ်ပြန်ထားကြောင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများရှိသော်လည်း အစိုးရနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများကိုသာ ဆန္ဒပြခြင်းဖြစ်ပြီး စီးပွားရေးထိခိုက်အောင် လုပ်ဆောင်ခြင်း မရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများ ထိခိုက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

### ဆေးရုံများ မြန်မြန်ဖွင့်လှစ်

ယင်းထက်ဆိုးရွားသည်မှာ ဆရာဝန်များအနေဖြင့် ဆေးရုံများပိတ်ထားခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းမှာ ရန်သူ၊ မိတ်ဆွေ မခွဲဘဲကုသပေးရမည်ဖြစ်ပြီး ယင်းကို မျက်ကွယ်ပြု၍ ဆောင်ရွက်နေကြကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုမှာ ဆရာဝန်များအနေဖြင့် ယင်းတို့၏ ကတိသစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ခြင်းဖြစ်သဖြင့် ပြည်သူအပေါ် ယင်းသို့ မဆောင်ရွက်သင့်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆေးရုံများ မြန်မြန်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြောင်းခရီးများမှာ ပုံမှန်ပြေးဆွဲနေပြီး မကြာမီရက်ပိုင်းအတွင်း ရန်ကုန်- မန္တလေး မီးရထားပြေးဆွဲ သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အနည်းငယ်သာ ပြန်လည်ဖွင့်လှစ်သည်ကို တွေ့ရှိရကြောင်း၊ ပုဂ္ဂလိကဘဏ်အားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဘဏ်များအတွက် လုံခြုံရေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက် ဘဏ်များ ဖွင့်လှစ်ရန် လိုအပ်ကြောင်း။

### ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်

ဒီမိုကရေစီစနစ်အရ နိုင်ငံတကာတွင် ဆန္ဒပြမှုများရှိပါကြောင်း၊ ဆန္ဒပြမှုမဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာပါက ဖြိုခွင်းနှိမ်နင်းမှုများရှိပါကြောင်း၊ မိမိတို့အနေဖြင့် သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း မီဒီယာများက ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ပြမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေမှုအပြည့်အစုံကိုလည်း ဖော်ပြခြင်းမရှိဘဲ ၎င်းတို့လိုအပ်သည့်အပိုင်းများသာ ရွေးချယ်ရိုက်ကူး၍ ထပ်ခါထပ်ခါ ထုတ်လွှင့်ပြီး ပြည်သူများနှင့် နိုင်ငံတကာမှ အမြင်မှားစေရန်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

### အရေးယူနိုင်ရန် လုပ်ဆောင်နေ

ပြီးခဲ့သည့်အစိုးရ၏ ပြည်ပစီးပွားရေးအကြံပေးဖြစ်သူ SEAN TURNELL မှာ မြန်မာနိုင်ငံမှ တိမ်းရှောင်ရန်ဆောင်ရွက်နေမှုကို အချိန်မီတားဆီးနိုင်ခဲ့ပြီး ၎င်းထံ၌ တိုင်းပြည်၏ လျှို့ဝှက်အဆင့်ရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို စစ်ဆေးတွေ့ရှိရကြောင်း၊ ၎င်းနှင့် ဆက်စပ်၍ ပြည်ထောင်စုအစိုးရအဆင့် တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးအချို့သည် ငွေကြေးသုံးစွဲမှုများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ သုံးစွဲထားသည်ကို တွေ့ရသည့်အတွက် လာရောက်ရှင်းလင်းရန်ခေါ်ယူချိန်တွင် ထွက်ပြေးတိမ်းရှောင်နေကြကြောင်း၊ ယင်းမှာ ၎င်းတို့၏ လုပ်ရပ်မမှန်ကန်၍ ဖြစ်ကြောင်း၊ အလားတူ ယခင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုနှင့်အထက်အဆင့်ရှိသူများ၏ ဆောင်ရွက်မှုများကို စိစစ်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများရှိသည့်အတွက် အရေးယူနိုင်ရန် လုပ်ဆောင်နေကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအခြေအနေတွင် မြို့နယ် ၁၈ မြို့နယ်၌ စိစစ်ဆောင်ရွက်ခဲ့ရာ မှတ်ပုံတင်မရှိဘဲ မဲပေးသည့် လူဦးရေ ၃၅၀၇၇၀ ရှိသည် ကို တွေ့ရသည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့် အချက်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသက်ပြည့်ပြီးမဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင် (သို့မဟုတ်) သက်သေခံကတ်ပြား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေး အထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း။

### ဦးစားပေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း NCA တွင် လက်မှတ်ရေးမထိုးရသေးသည့်တိုင်းရင်းသား လက်နက်ကိုင်များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် ယင်းအချက်ကို ဦးစားပေးလုပ်ငန်းစဉ်ထဲတွင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၄၈ ခုနှစ်ကစ၍ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းစေရေးအတွက် ဝင်ရောက်ဖြေရှင်းပေးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံသည် မိမိတို့ထက်လူဦးရေများပြားသည့် နိုင်ငံများအကြားတွင် တည်ရှိသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်ဖြစ်အောင်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ တိုင်းပြည်တည်တည်ငြိမ်ငြိမ်ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း၊ သတ်မှတ်ထားသည့် နိုင်ငံသားတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ ပုဒ်မ ၃၈၆ အရ စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

### ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးခင်မောင်ဆွေနှင့် ဒေါ်အေးနုစိန်တို့က လူမှုကွန်ရက်စာမျက်နှာများမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

အခွန်အကောက်ရရှိရေးနှင့် နည်းပညာအရခြယ်လှယ်နေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်အရေးယူရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့် ဥပဒေများအား ပယ်ဖျက်ရေးနှင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများအား စိစစ်ဖော်ထုတ်အရေးယူသွားရေး၊ ဆူပူဆန္ဒပြမှုများတွင် အသုံးချခံနေရသူများအား နိုင်ငံရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရေး၊ မဲမသမာမှုကိစ္စနှင့် အခြားဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအား အမြန်ဆုံးပြည်သူသို့ ချပြရေး၊ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်စေသည့် ပိုစတာနှင့် ဆိုင်းဘုတ်များအား ရိုက်နှိပ်လျက်ရှိသည့် ပုံနှိပ်လုပ်ငန်းများအား ဖော်ထုတ်အရေးယူသွားရေး၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ ဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရေး၊ ရပ်ဆိုင်းထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့်ဥပဒေများကို ပယ်ဖျက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ CRPH တွင်ပါဝင်နေသူများအား စိစစ်အရေးယူဆောင်ရွက်လျက်ရှိပြီး အချို့ပုဂ္ဂိုလ်များက ၎င်းတို့အနေဖြင့် CRPH တွင် ပါဝင်မှုမရှိသည်ကို ဆက်သွယ် ပြောဆိုလာမှုများရှိကြောင်း၊ အလားတူ အချို့ဆရာဝန်များကလည်း ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်ဆောင်ရွက်မှုများမရှိသည်ကို ဆက်သွယ်ပြောကြားလာကြောင်း၊ ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်မှုမရှိသည့် ကိစ္စရပ်များဆောင်ရွက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များနိုင်ငံရေးတွင် အသုံးချခံမဖြစ်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆူပူဆန္ဒပြမှုများတွင် မူးယစ်ဆေးဝါးသုံးစွဲထားသည့် လူငယ်များပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် CDM လှုပ်ရှားမှုတွင် ပါဝင်သူအနည်းငယ်သာရှိကြောင်း၊ CDMတွင် ပါဝင်လှုပ်ရှားမှုမရှိသည့် ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် အရှက်ခွဲခြင်းများပြုလုပ်နေသူများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုရှိအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

တိုင်းပြည်စီးပွားရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကိုလည်း ဖိတ်ခေါ်ရန်လိုအပ်ပြီး ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်စေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးငယ်များ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများအား COVID-19 စည်းကမ်းချက်များနှင့်အညီ တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် တင်ပြထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း COVID-19 စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

### ရိုးသားမှုရှိရန်လို

မဲမသမာမှုနှင့် ငွေကြေးအလွဲသုံးစား ဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များအား သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြည်သူသို့အသိပေးထုတ်ပြန်ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပြုလုပ်ရာတွင် ရိုးသားမှုရှိရန် လိုကြောင်း၊ မိမိထောက်ခံမှုရအောင်ဆောင်ရွက်ပြီး အခြားသူကို ပုတ်ခတ်ပြောဆို၍ နစ်နာအောင် ဆောင်ရွက်ခြင်းသည် မရိုးသားသည့် နိုင်ငံရေးဖြစ်သဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း၊ မရိုးသားသည့် နိုင်ငံရေးဆောင်ရွက်ချက်များကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း တိုင်းပြည်ကောင်းအောင် ရိုးရိုးသားသားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက်ပိုမိုတိုးတက်စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် အခြားသောသဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၈၁ ပေရှိ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ပြည်ထောင်စုနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၃ မှ*

အားလုံးသိကြတဲ့အတိုင်း ဒီနေ့အချိန်ကာလဟာ ကမ္ဘာ့နိုင်ငံများအားလုံး COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုများနဲ့ ရင်ဆိုင်နေရချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီကပ်ရောဂါကို အန်တုရင်ဆိုင်ရင်း ဒီရောဂါဖြစ်ပွားမှုကြောင့် ယိုယွင်းပျက်စီးအားနည်းခဲ့ရတဲ့ ကဏ္ဍပေါင်းစုံ ကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းနေကြပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့အတူ အင်တိုက်အားတိုက်၊ စိတ်ပါလက်ပါ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေကြတာကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ရတဲ့အတွက် မြန်မာအမျိုးသမီးများကို ချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးတွေကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ ဘက်ပေါင်းစုံက တတ်နိုင်သရွေ့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများနဲ့ အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

ဒီလို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာအမျိုးသမီးများအနေနဲ့ ကျွန်တော်တို့ ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ ပိုမိုပါဝင်ခွင့်ရရှိကြကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးစွာသောအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းမှာ အဓိကအင်အားစုကြီးတစ်ခုဖြစ်တဲ့ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်မှာ နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့ကြသလို ယနေ့ကာလမှာလည်း COVID-19 ကပ်ရောဂါအပါအဝင် တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုများနဲ့ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကဏ္ဍစုံမှာ အောင်မြင်တဲ့ မြန်မာအမျိုးသမီးများ ဖြစ်ကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့်အခြေအနေ ရှင်းလင်းအသိပေး

**နေပြည်တော် မတ် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းမြှင့်တင်သွားရန် ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းအသိပေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့်အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်မှ မဲစာရင်းများ စိစစ်နေသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ပြည်သူများ၏ လုံခြုံရေးအတွက် တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များမှ အင်အားသုံးမှုကို အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းအသိပေး ပြောကြားခဲ့သည်။

**သတင်းစဉ်**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# မေတ္တာနဲ့သာ တုံ့ပြန်ပါ

**ကိုထွန်းခင်**

**ခင်မင်ရတဲ့ မိတ်ဆွေတစ်ယောက်က CDM မှာ မပါဝင်တဲ့အတွက် သူ့ရဲ့ဓာတ်ပုံကို ဗီနိုင်းဖောက် ဖေ့စ်ဘွတ်ပေါ်တင်ပြီး အရှက်ခွဲခံရတဲ့အကြောင်း ပြောလာပါတယ်။ စာရေးသူက သူ့ရဲ့မိခင်မှာ ကင်ဆာရောဂါဝေဒနာခံစားနေရပြီး ဆေးသွင်းကုသနေရတာ တစ်နှစ်နီးပါးရှိနေတာကို သိထားတဲ့အတွက် ကျန်းမာရေးအခြေအနေကို မေးမြန်းရာ အတော်မကောင်းတော့ကြောင်း၊ မိုးကုတ်ဆရာတော်ကြီး ဟောကြားသည့် အလုပ်ပေးဝိပဿနာတရားတွေကို အချိန်ပြည့်ဖွင့်ပေးထားရပြီး အနားမှာအနီးကပ်စောင့်ကြပ်ဂရုစိုက်နေရကြောင်း၊ တိုင်းရေးပြည်ရာ အဖြာဖြာကို သိရှိပါသော်လည်း မိခင်ကြီးရဲ့ကျန်းမာရေးက အရေးကြီးနေလို့ အာရုံစိုက်နေရတဲ့အတွက် သူများ CDM သော်လည်း သူ့မှာ စိတ်မဝင်စားနိုင်ကြောင်း ပြောလာပါတယ်။**

အဲဒါကို အတွင်းကျကျမသိတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးက အခုလို လုပ်လိုက်တာလို့လည်း ပြောပါတယ်။ Social Bullying လုပ်ရင် တိုင်ကြားလို့ရတဲ့ ဖုန်းနံပါတ်တွေ ရှိတယ် ဆိုပေမယ့် မတိုင်တော့ပါဘူး။ ဒီလိုနည်းနဲ့ ကလဲ့စားမချေတော့ပါဘူးတဲ့။ ပြုသူအသစ် ဖြစ်သူ အဟောင်း၊ သူတို့ပေးတဲ့အကုသိုလ်ကို ကိုယ်မယူရင် သူတို့ဆီမှာပဲ ရှိလိမ့်မယ်လို့ ဆိုပါတယ်။

မိတ်ဆွေက သူ့စိတ်ကို အမြဲသတိထားပြီး ဘာတွေနဲ့ပဲ ကြုံကြုံ စိတ်ကြည်လင်အောင်၊ အေးချမ်းအောင်နေပါတယ်တဲ့။ ကုသိုလ် ရအောင်တောင် အလှူအတန်းတွေ လုပ်နေရသေးတာ၊ လူတိုင်းအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်တာ၊ လူတိုင်းအပေါ် မေတ္တာနဲ့ဆက်ဆံ တာလည်း ကုသိုလ်ရတာပါပဲ။ သူတို့ ပြောချင်တာပြောလိုက်ရလို့၊ လုပ်ချင်တာ လုပ်လိုက်ရလို့ သူတို့စိတ်ချမ်းသာသွားရင် ကိုယ်လည်း ကုသိုလ်ရပါတယ်လို့ ပြောလာပါတယ်။

မိတ်ဆွေနဲ့ စကားစမြည်ပြောပြီး လမ်းခွဲလာခဲ့ပေမယ့် တွေးစရာ တွေက တစ်ပုံတစ်ပင်။ မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီလဆန်းကစတင်ပြီး နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားရပါတယ်။ နွေဦးတော်လှန်ရေးလို့ခေါင်းစဉ်နဲ့ လူထုလှုပ်ရှားမှုတွေ၊ လူငယ်တွေ လမ်းပေါ်ထွက် ဆန္ဒပြကြပါတယ်။

ဒါ့အပြင် ဝန်ထမ်းတွေအားလုံး အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) မှာ ပါဝင်ပြီဆိုရင် အစိုးရရဲ့ ယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားပြီး နွေဦးတော်လှန်ရေးဟာ အောင်မြင်ပြီလို့ ယူဆနေကြပါတယ်။ ဒါ့ကြောင့် ရန်ပြုဆန့်ကျင်လိုသူအချို့နဲ့ တိုင်းပြည်ကို အကျိုးမလိုလားသူတွေ ၊ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူဟာ နိုင်ငံ့ဝန်ထမ်းတွေကို ပစ်မှတ်ထားပြီး ရုံးမတက်ရအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တား နှောင့်ယှက်တာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဖိအားပေး အကျပ်ကိုင် ခြိမ်းခြောက်တာတွေကို လုပ်ဆောင်နေကြပါတယ်။

ကိုယ်ပိုင်ယုံကြည်ချက်၊ ရပ်တည်ချက်တွေနဲ့ နိုင်ငံ့ဝန်ထမ်းအချို့ CDM မှာ ပါဝင်ကြပေမယ့် အချို့ကတော့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကြောင့် ဝတ်ကျေတန်းကျေဆိုသလို ပါဝင်နေကြရပါတယ်။ အချို့ဆိုရင် အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM မှာ ပါဝင်တယ်လို့ မဖြစ်မနေကြေညာလိုက်ပေမယ့် ၃/၄ ရက်အကြာမှာ တော့ ပုံမှန်အတိုင်း ရုံးပြန်တက်နေကြတာတွေလည်း ရှိပါတယ်။

တကယ်တော့ ရုံးပြန်တက်လို့ အပြစ်ပြောစရာမလိုသလို CDM မှာ မပါဝင်လို့လည်း အခုလိုအရှက်ခွဲတာ၊ လှောင်ပြောင်တာတွေ လုပ်စရာမလိုဘူးလို့ ထင်ပါတယ်။ မကြာခင်ကပဲ အပြင်မှာ မျက်မှန်းတန်းမိနေပြီး ဖေ့စ်ဘွတ်မှာ Friend ဖြစ်နေသူတစ်ယောက်က တင်ထားပါတယ်။ သူလည်း အရင်က နိုင်ငံ့ဝန်ထမ်းတစ်ဦးပါ။

ဒါပေမယ့် တာဝန်ကျေလို့ အသိအမှတ်ပြုခံရတဲ့၊ အလုပ်ကြိုးစားတဲ့ ဝန်ထမ်းတစ်ဦး၊ ပရော်ဖက်ရှင်နယ်တစ်ဦးတော့ မဟုတ်ပါဘူး။ သူ CDM လှုပ်ရှားမှုမှာ ပါဝင်နေတာကိုတော့ သူတင်တဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကြောင့် သိထားပါတယ်။ သူက CDM မှာ မပါဝင်တဲ့သူတွေကို စာရင်းပြုစုနေပါတယ်တဲ့။ မကြာခင် ဓာတ်ပုံနဲ့တကွ တင်မယ်လို့လည်း လူမှုကွန်ရက်မှာ ခြိမ်းခြောက်ရေးသားထားပါတယ်။

နွေဦးတော်လှန်ရေးအစမှာ အကြမ်းမဖက်ဘူး၊ အားလုံးအပေါ် မေတ္တာနဲ့ငြိမ်းချမ်းစွာ ဆန္ဒပြမယ်လို့ ကြွေးကြော်ခဲ့ကြပါတယ်။ အသားအရောင်၊ လူမျိုး၊ ဘာသာတရား၊ ငွေကြေး၊ ပညာစတဲ့ ကွဲပြားမှုတွေ ဆိုတာမရှိ၊ ဒေါသကို ရှေ့တန်းမတင်ဘဲ မေတ္တာထားနိုင်တဲ့ စိတ်ဓာတ်ခွန်အားရှိသူတွေ၊ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့်အရေးကို တန်ဖိုးထားသူတွေ၊ ခေါင်းဆောင်ဆိုတာမရှိ အားလုံးဟာ ခေါင်းဆောင်တွေလို့ ပြောဆိုအသိအမှတ်ပြုခဲ့ကြပါတယ်။

အခုတော့ CDM မှာ မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လူမှုကွန်ရက်ပေါ်တင်ပြီး အရှက်ခွဲမယ့်၊ လှောင်ပြောင်သရော်မယ့်၊ ကဲ့ရဲ့ပြစ်တင်မယ့် သူတွေကရော မြန်မာနိုင်ငံသား ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအချင်းချင်းပဲ မဟုတ်ဘူးလား။ ကိုယ်နဲ့အယူအဆ မတူတိုင်း၊

> ❒ **နိုင်ငံရဲ့ ပကတိအခြေအနေကို စဉ်းစားသုံးသပ်ပြီး ကိုယ့်ရဲ့နိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်ကြောင့် ကိုယ်စိတ်ဆန္ဒရှိတဲ့အတိုင်း ရပ်တည်ပါ။ ရပ်တည်လို့ ရပါတယ်။ ဒီလိုပါပဲ သူများတွေရဲ့ ရပ်တည်ချက်ကိုလည်း လွတ်လပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ သူ့မှာ ကိုယ်မသိနိုင်တဲ့အကြောင်းတရားတွေ၊ ကိုယ်မဖြတ်သန်းဖူးတဲ့ အတွေ့အကြုံတွေ၊ ကိုယ်ဉာဏ်နဲ့မမီနိုင်တဲ့ အတွေးအခေါ်တွေလည်း ရှိကောင်းရှိနေနိုင်တယ်။**
>
> ❒ **ဘယ်လိုပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒီမိုကရေစီဆိုတဲ့အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာ ဖြစ်သလို လူနည်းစုရဲ့ ဆန္ဒကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလို့ ကြွေးကြော်နေပြီး အချို့ လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ ဖီလာဆန့်ကျင်နေသလို ဥပဒေကို မျက်ကွယ်ပြုရာလည်း ရောက်နေပါတယ်။**

အများနဲ့ မတူတိုင်း ဆန့်ကျင်တိုက်ခိုက်နေတာတွေကရော ဖြစ်သင့်ပါရဲ့လား။

နိုင်ငံရဲ့ ပကတိအခြေအနေကို စဉ်းစားသုံးသပ်ပြီး ကိုယ့်ရဲ့ နိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်ကြောင့် ကိုယ်စိတ်ဆန္ဒရှိတဲ့ အတိုင်း ရပ်တည်ပါ။ ရပ်တည်လို့ရပါတယ်။ ဒီလိုပါပဲ သူများတွေရဲ့ ရပ်တည် ချက်ကိုလည်း လွတ်လပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ သူ့မှာ ကိုယ်မသိနိုင် တဲ့ အကြောင်းတရားတွေ၊ ကိုယ်မဖြတ်သန်းဖူးတဲ့ အတွေ့အကြုံတွေ၊ ကိုယ်ဉာဏ်နဲ့ မမီနိုင်တဲ့ အတွေးအခေါ်တွေလည်း ရှိကောင်းရှိနေနိုင် တယ်။

ဘယ်လိုပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒီမိုကရေစီဆိုတဲ့ အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာ ဖြစ်သလို လူနည်းစုရဲ့ ဆန္ဒကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလို့ ကြွေးကြော်နေပြီး အချို့လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ ဖီလာဆန့်ကျင် နေသလို ဥပဒေကို မျက်ကွယ်ပြုရာလည်း ရောက်နေပါတယ်။

ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ် ဆိုတာလို အားလုံးဟာ သူ့အကြောင်းတရားတွေနဲ့သူ ဖြစ်ပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ဘဝပေးအခြေအနေတွေ မတူကြပါ ဘူး။ ကိုယ့်အတွက် ဘဝမှာ တောင့်တလိုက်ရင် အရာရာ ပြည့်စုံတယ်၊ လိုအပ်ချက်မရှိ၊ ပူပင်စရာမရှိ ဘဝလမ်းကြောင်းဟာ ဖြောင့်တန်း နေတိုင်း သူများတွေလည်း ဒီလိုပဲ ဖြစ်မှာပဲလို့ ထင်လို့မရပါဘူး။

ကိုယ်က စိတ်သွားတိုင်းကိုယ်ပါ နောက်ကြောင်းအေးပေမယ့် မိသားစုအရေးကို ထည့်တွက် ငဲ့ကွက်ရတဲ့ အခြေအနေတွေနဲ့ လူတွေ လည်း ရှိပါတယ်။ လောကကြီးကို၊ အရာရာကို၊ လူအများကို ကိုယ့်စိတ်အတိုင်း လိုက်ပါရမယ်၊ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရ မယ်ဆိုတဲ့ အတွေးတွေ၊ လုပ်ရပ်တွေက ကလေးဆန်လွန်းပါတယ်။

လူမှုအသိုင်းအဝိုင်းမှာ အရှက်ရအောင်၊ အဆက်အဆံမပြုဘဲ ဖယ်ကြဉ်လိုက်တဲ့အတွက် နောင်ကိုဒီလိုအမှားမျိုးမပြုဘဲ နောင်တ ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ Social Bullying ပြုလုပ်နေကြတာလို့ အကြမ်းဖျင်း နားလည်ထားပါတယ်။ အဲဒါကိုတချို့က “ Social punishment ဆိုတာ မြတ်ဗုဒ္ဓလည်း လုပ်ခဲ့ဖူးပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဖွားဖက်တော်ဆန္နမထေရ်ဟာ ဘယ်သူ့ရဲ့ အဆုံးအမကိုမှ မခံတာ ကြောင့် ဘုရားကိုယ်တော်တိုင် Social punishment ပေးခဲ့ဖူးပါတယ်” တစ်ဖက်စောင်းနင်း လိုရာဆွဲပြီး ရေးကြ၊ ပြောကြတာကို တွေ့ရပါ တယ်။

အတုမရှိ အနှိုင်းမဲ့ မြတ်စွာဘုရားရှင်က သတ္တဝါတွေအပေါ်မှာ မေတ္တာထားပြီး အရှင်ဆန္နမထေရ်ကို တရားထူးတရားမြတ်ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီလိုဒဏ်ခတ်လိုက်တာ ဖြစ်ပါတယ်။ အခု Social Bullying လုပ်နေကြသူတွေကရော တကယ်ပဲ မေတ္တာထားလို့လား၊ အကျိုးဆုတ်ယုတ်စေချင်တာလား ဆိုတာတော့ ကိုယ်တိုင်သာ အသိ ဆုံး ဖြစ်ပါလိမ့်မယ်။ ဘယ် အရာမဆို ကိုယ်စိုက်တဲ့အပင်ကို ကိုယ်သာ ရိတ်သိမ်းရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပါမောက္ခချုပ် ဆရာတော်ဘုရားကြီး ဟောကြားခဲ့ဖူးတဲ့ တရားဆုံးမစာလေးနဲ့ ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

“ကိုယ်နေနေရတဲ့(Society)မှာက နှုတ်စည်းကမ်းရှိတဲ့သူတွေ ရှိသလို နှုတ်စည်းကမ်း မရှိတဲ့သူတွေလည်း ရှိနိုင်တယ်။ ပြောချင်ရာ ပြောတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားတွေကို လိုက်ပြီး တော့ ပြဿနာဖြစ်နေရင် တော့ ဆုံးနိုင်မှာ မဟုတ်တော့ဘူး ။ အဲဒါကိုတော့ မြတ်စွာဘုရားက မေတ္တာနှလုံး အစဉ်သုံးလို့ ဒီလိုဟောခဲ့ပါတယ်။ ဘာပဲပြောပြော မေတ္တာနဲ့သာ တုံ့ပြန်ပါတဲ့” ။ ။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား (၂၀၂၁ ခုနှစ်) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၈**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား (၂၀၂၁ ခုနှစ်) ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ online စနစ်၊ Hybrid ပုံစံဖြင့် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်နှင့် ဦးစိုင်းလုံးဆိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာနှင့် စောဒန်နီယယ်တို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်ခင်မေရီ၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက Online စနစ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က video message ဖြင့် အမှာစကားပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားကို စာမျက်နှာ- ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၅)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ အမျိုးသမီးအခွင့်အရေးများကို လေးစားခြင်း၊ ကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးနေပါကြောင်း။

## ပြင်ဆင်ဖွဲ့စည်းသွားမည်

မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်ကစ၍ နိုင်ငံအဆင့်ယန္တရားအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအပြင် အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကော်မတီအဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း။

အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့်လည်း အစိုးရဦးဆောင်သည့် ကော်မတီအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women–NSPAW) (၂၀၁၃-၂၀၂၂) ကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့ပြီး အဆိုပါစီမံကိန်းကို CEDAW၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်တို့ကို အခြေခံ၍ လုပ်ငန်းဧရိယာ (၁၂)ရပ် ချမှတ်ဆောင်ရွက်ကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့(၄)ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းအစီအစဉ် (Work Plan) များကိုလည်း နှစ်အလိုက် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ NSPAW Phase II ကိုလည်း ဆက်လက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) ပါ ဦးစားပေးကဏ္ဍ (၆)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီး ဖြစ်သကဲ့သို့ နိုင်ငံအဆင့် လုပ်ငန်းစီမံချက်ကို အတည်ပြုပြီး အကောင်အထည်ဖော်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာကဏ္ဍအနေဖြင့်လည်း ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်သည်များကိုလည်း အတည်ပြုပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ပိုမိုကာကွယ်ပေးနိုင်ရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို သတင်းပို့ တိုင်ကြားနိုင်ရေးအတွက် (၂၄) နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ထူထောင်ပြီး အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ် ထောက်ပံ့ပေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာနေရာများ စီစဉ်ပေးခြင်း၊ အခြားသောဝန်ဆောင်မှုများ ရရှိနိုင်ရေး ညွှန်းပို့ချိတ်ဆက်ပေးခြင်းများကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ (Case Manager) (၂၅၀) ဦးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသူများကို ပံ့ပိုးပေးမှုအနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရေး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ ကယား စသည့်နေရာ (၅)ခုတွင် One Stop Women Support Center (OSWSC) များ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်မှုများကို UNCEDAW ကော်မတီသို့ အစီရင်ခံစာများကို တင်သွင်းလျက်ရှိရာ လက်ရှိတွင် မြန်မာနိုင်ငံ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက်အစီရင်ခံစာ ရေးသားရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး အစီရင်ခံစာပြုစုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံ အမျိုးသမီးကော်မတီ (ACW)နှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ACWC) ၌လည်း နိုင်ငံအဆင့် Focal Point အဖြစ် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ASEAN Regional Plan of Action on the Elimination of Violence Against Women-RPA EVAW) နှင့် ပတ်သက်၍ ကာလလတ် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

## အားလုံးတက်ညီလက်ညီပူးပေါင်း

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လက်ရှိအချိန် ကိုဗစ်- ၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးကဏ္ဍကို နောက်ကျန်မနေခဲ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်- ၁၉ ကြောင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီးသည့် အောင်မြင်မှုများပြန်လည်ဆုတ်ယုတ် မသွားစေရန် ကြိုးပမ်းကာကွယ်သွားရမည် ဖြစ်ပါကြောင်း၊ "တန်းတူညီမျှတဲ့ အနာဂတ် ဖော်ဆောင်ဖို့ အမျိုးသမီးကဏ္ဍမြှင့်တင်လို့ COVID-19 တုံ့ပြန်စို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကိုဗစ်- ၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးနှင့် ပိုမိုတန်းတူ ညီမျှသော အနာဂတ်ဖော်ဆောင်ရေးတို့အတွက် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ပြင်ဆင် သိမှတ်ပေးပါရန်

၈-၃-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်၌ မြို့နယ် မဲလက်ကျန်ဇယားတွင် ပါရှိသော ၇၇၆ (အစား) ၇၇၁၆ ဟု ပြင်ဆင်သိမှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၈**

နေ့အပူချိန်များမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်တိုင်းဒေသကြီး နှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားပြတိုက် (နေပြည်တော်)အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။



(အပေါ်ပုံ)

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အမျိုးသားပြတိုက် (နေပြည်တော်)၊ Mini Theatre ၌ အမျိုးသားပြတိုက် (နေပြည်တော်)၏ သမိုင်းကြောင်းနှင့် ပြခန်းများ ခင်းကျင်းပြသထားရှိမှုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက် (နေပြည်တော်)ရှိ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် (ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်)ပြခန်း၊ သမိုင်းတင်ခေတ်ဦး( ဘီစီ ၂ ရာစုမှ အေဒီ ၁၀ ရာစု )ပြခန်း၊ သမိုင်းတင်ခေတ်( အေဒီ ၁၁ ရာစုမှ အေဒီ ၁၄ ရာစု )ပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှု အနုပညာပြခန်းနှင့် အာဆီယံပြခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

**ပူးပေါင်းဆောင်ရွက်သင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက် (နေပြည်တော်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သမိုင်းမတင်မီနှင့် သမိုင်းတင်ပြီးခေတ်များက ပျောက်ကွယ်နေသော သဲလွန်စများကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းရသော အလုပ်ဖြစ်ကြောင်း၊ ရှာဖွေဖော်ထုတ်ရရှိသော တွေ့ရှိချက်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနနှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံတော်အတွက် အဖိုးတန်သည့် သမိုင်းအချက်အလက်များ ရရှိလာမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်မှ လူမှုရေး ဦးတည်ချက် ပိုဒ်ခွဲ(က) နှင့်(ခ)တို့ကို မိမိတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူသင့်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၈**

၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဆန်၊ စပါးဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။ ( ယာပုံ)



အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်က နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ နှစ်စဉ်အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာပြီး စပါးများ ထွက်ပေါ်ချိန်၌ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်း အောက် ကျရောက်သည့် ဒေသများတွင် တောင်သူလယ်သမားများထံမှ စပါးဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ယခုနှစ် အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူမှု အခြေအနေများနှင့် ဆန်အိတ်များ ပြန်လည်လက်ခံရရှိမှု အခြေအနေများ၊ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ရှေ့ဆက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက် လာကြသူများက လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စပါး၊ ဆန် ဝယ်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို စေတနာထား၍ ဆောင်ရွက်ခြင်းကို “မူ” တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ တင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် မူလလုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သလို ဆောင်ရွက်ဆဲနှင့် ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အထက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းလိုသည့် ကိစ္စရပ်များ၊ ပံ့ပိုးဆောင်ရွက်လိုသည့်ကိစ္စရပ်များကို တင်ပြပေးစေလိုပါကြောင်း၊ မိမိတို့တာဝန်ယူနေသည့်ကာလအတွင်း ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုသာ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သောတိုင်းပြည်တစ်ခု တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကိုဗစ်-၁၉



ရောဂါ အသိပညာပေး အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်သည်များကို အကြံပြုသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထွေထွေဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းရင်းသားဘာသာသင် Teaching Assistant (TA) နှင့် Language Teacher (LT) ခန့်ထားမှုနှင့်ပတ်သက်၍ ဒေသခံများအား ဦးစားပေးခန့်ထားရေးနှင့် လစာတိုးမြှင့်ခံစားခွင့်ပြုရေး၊ မှတ်ပုံတင်လျှောက်ထားရာတွင် မျိုးနွယ်စုအမှန်ဖြစ်စေရေး၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်များ ဖော်ထုတ်ကျင်းပနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားကျောင်း (ရန်ကုန်)ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဝန်ကြီးဌာနတွင် သုတေသနဌာနခွဲ သီးသန့်ထားရှိနိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ ဆောင်ရွက်ခြင်းကို “မူ” တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **သတင်းစဉ်**

## အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန်ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ်ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရလည်းကောင်း ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရလည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည်ဖြင့် ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့်လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက်တွင် အသိပေးကြေညာကာ တပ်ဆင်ထားရှိပြီးဖြစ်သော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်း အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုပေါင်းထမနဲထိုးပွဲ ကျင်းပ



**နေပြည်တော် မတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာ အစဉ်အလာမပျက် စုပေါင်းထမနဲထိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ရုံးအမှတ်(၃၅)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။ **(ယာပုံ)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နှစ်စဉ် ထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ကာလ ကန့်သတ်ချက်များနှင့်အညီ မြန်မာ့ရိုးရာအစဉ်အလာမပျက်စေရေး ရည်ရွယ်၍ စုပေါင်းထမနဲထိုးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လက်ရှိစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ရပ်တန့်သွားမှုမရှိစေဘဲ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၆ ရက် နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်တို့မှ ဆောင်ရွက်သော ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးမြင့်နိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဇော်ဇော်အေးတို့က ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူများအတွက် အငှားအိမ်ရာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းတို့မှ တာဝန်ရှိသူတို့က အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဇော်အေးက အငှားအိမ်ရာစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## လိုက်လံကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ လမ်း/တံတားကဏ္ဍနှင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို ပြည်သူများအတွက် နေထိုင်ရေးအဆင်ပြေစေရန် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ရပ်တန့်သွားမှုမရှိစေဘဲ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုလို စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးရာရောက်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုပါကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စေတနာထား ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။




## ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၇ လမ်းနှင့်အမှတ် ၂ လမ်းကြားရှိ မြေဧရိယာ ၁၇၁ ဧကပေါ်တွင် ပြည်သူ့အငှားအိမ်ရာ ပထမအဆင့် လေးခန်းတွဲ ငါးထပ်၊ ၁၉၄ လုံး (၃၁၀၄)ယူနစ် တို့ကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်သည်။

## ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်း

ဒုတိယဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ကိုရီးယား - မြန်မာစက်မှုဇုန် (KMIC) Korea Myanmar Economic Cooperative Industrial Complex စက်မှုဇုန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက စက်မှုဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်

တင်ပြချက်များပေါ် ဒုတိယဝန်ကြီးက ကိုရီးယား - မြန်မာစက်မှုဇုန် (KMIC) သည် ရန်ကုန်မြို့ ပတ်ဝန်းကျင်လှည်းကူးဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မှာကြားသည်။

## အခွင့်အလမ်းပေါင်းများစွာ ဖန်တီး

စက်မှုဇုန်သို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသည့် စက်ရုံပေါင်း ၁၀၀ ကျော် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ရာ KMIC စက်မှုဇုန် တည်ဆောက်ခြင်းဖြင့် နိုင်ငံခြားပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ခြင်း၊ အခွန်အခရငွေများ တိုးပွားရရှိနိုင်ခြင်း၊ ဒေသနှင့်အနီးဝန်းကျင်မှ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာ ဖန်တီးပေးနိုင်ခြင်းတို့အပြင် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးနှင့် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မတ် ၈**

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့၊ စစ်တွေမြို့၊ ကျောက်တော်မြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့တို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများတို့၌ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးမှု မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၉၀၆၀၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၇၆၃၀၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၈၅၃၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၉၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၇၇၂ ဦး ဖြစ်သည်။

၃။ မဲစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

### ပုသိမ်ကြီးမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် မဲရုံပေါင်း ၁၃၉ ရုံ | ၁၉၀၆၀၂ | ၁၇၆၃၀၅ | ၁၈၅၃၇ | ၇၉၄ | ၁၄၇၇၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် မဲရုံပေါင်း ၁၃၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၁၈၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၅၅၅၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မဲလက်မှတ်အပို/ အလိုများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၈၂၃၉ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုနေသော ဆန္ဒမဲလက်မှတ် ၁၅၄၀ ကို တွေ့ရှိရသည်။ မဲလက်မှတ်များနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

### ပုသိမ်ကြီးမြို့နယ်၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၉၆၉၀၀ | ၁၄၄၉၀၅ | ၅၁၉၉၅ | ၄၅၁၅၇ | ၈၂၃၉ | ၁၄၀၁ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၆၃၉ | ၆၅၄ | | - | - | ၁၅ |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၂၉၉ | - | ၄၂၉၉ | ၄၄၂၃ | - | ၁၂၄ |
| စုစုပေါင်း | | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၉၄ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ |


၆။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ပေးစာရင်းအရ မြို့နယ်အရန်လက်ကျန်နှင့် မဲရုံ ၁၃ ရုံတို့တွင် အပိုတွေ့ရှိရသဖြင့် မဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

### ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် အပို/ပျောက်ဆုံးဆန္ဒမဲလက်မှတ် အသုံးပြုမှုစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ အရေ အတွက် | ထုတ်ပေး ရွက်ရေ | အသုံးပြု | လက်ကျန် | ပျောက်ဆုံး | အပို | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မြို့မရပ်ကွက် | ၆ | ၁၀၈၅၀ | ၈၁၁၇ | ၂၇၅၀ | | ၁၇ | |
| ၂ | ရေထွက် | ၄ | ၇၂၅၀ | ၅၄၆၉ | ၂၃၁၀ | | ၅၂၉ | |
| ၃ | ရန်ကင်းတောင် | ၄ | ၆၀၀၀ | ၄၃၅၇ | ၁၄၀၂ | ၂၄၁ | | |
| ၄ | ရေကြည် | ၃ | ၃၅၀၀ | ၂၃၁၆ | ၈၄၀ | ၃၄၄ | | |
| ၅ | သမ္ဘတော | ၂ | ၅၇၀၀ | ၄၁၅၉ | ၁၄၂၄ | ၁၁၇ | | |
| ၆ | တိုတက်ကုန်း | ၂ | ၂၈၅၀ | ၂၀၂၇ | ၃၂၅ | ၄၉၈ | | |
| ၇ | ဘန့်တင် | ၁ | ၆၀၀ | ၄၂၀ | ၈၀ | ၁၀၀ | | |
| ၈ | လက်သစ် | ၁ | ၇၅၀ | ၅၄၃ | ၅၇ | ၁၅၀ | | |
| ၉ | အိုင်ကြီး | ၂ | ၂၆၅၀ | ၂၁၉၆ | ၆၃၄ | | ၁၈၀ | |
| ၁၀ | သလဲကုန်း | ၂ | ၃၁၅၀ | ၂၅၅၇ | ၂၈၀ | ၃၁၃ | | |
| ၁၁ | ကျောက်မီး | ၃ | ၃၂၀၀ | ၂၄၅၀ | ၆၅၄ | ၉၆ | | |
| ၁၂ | ငွေတောင် | ၃ | ၄၁၀၀ | ၃၃၁၇ | ၇၉၄ | | ၁၁ | |
| ၁၃ | ဆည်တော် | ၂ | ၂၅၀၀ | ၁၇၉၂ | ၆၉၀ | ၁၈ | | |
| ၁၄ | ကြူဝန်း | ၂ | ၂၂၀၀ | ၁၅၃၂ | ၅၇၅ | ၉၃ | | |
| ၁၅ | အုန်းချော | ၈ | ၁၇၆၅၀ | ၁၂၄၅၆ | ၄၁၄၄ | ၁၀၅၀ | | |
| ၁၆ | ရွှေစာရံ | ၃ | ၇၉၅၀ | ၅၈၀၉ | ၁၈၈၀ | ၂၆၁ | | |
| ၁၇ | နှမ်းကြီး | ၂ | ၂၅၅၀ | ၂၁၀၄ | ၄၉၆ | | ၅၀ | |
| ၁၈ | ရှင်တော်ကုန်း | ၄ | ၆၂၀၀ | ၃၉၂၀ | ၁၅၀၀ | ၇၈၀ | | |
| ၁၉ | အောင်ချမ်းသာ | ၄ | ၆၃၀၀ | ၄၄၇၉ | ၁၆၈၂ | ၁၃၉ | | |
| ၂၀ | နန္ဒာ | ၄ | ၃၇၅၀ | ၃၀၀၄ | ၆၉၀ | ၅၆ | | |
| ၂၁ | ကြာနီကန် | ၁ | ၂၂၀၀ | ၁၄၆၅ | ၂၈၅ | ၄၅၀ | | |
| ၂၂ | ကောင်းမွန် | ၂ | ၁၄၅၀ | ၁၁၀၃ | ၂၁၁ | ၁၃၆ | | |
| ၂၃ | ဒဟတ်တော | ၅ | ၇၆၅၀ | ၆၀၅၉ | ၁၈၃၀ | | ၂၃၉ | |
| ၂၄ | ကံကြီး | ၁ | ၁၁၀၀ | ၈၆၇ | ၂၄၆ | | ၁၃ | |
| ၂၅ | ကန်ပြင် | ၂ | ၁၆၀၀ | ၁၃၁၈ | ၃၁၅ | | ၃၃ | |
| ၂၆ | အင်ဂျင် | ၂ | ၂၀၀၀ | ၁၅၈၅ | ၃၁၅ | ၁၀၀ | | |
| ၂၇ | မင်းကန် | ၃ | ၂၆၅၀ | ၂၃၅၃ | ၂၉၄ | ၃ | | |
| ၂၈ | ဘုတ် | ၂ | ၁၅၀၀ | ၁၂၄၂ | ၂၇၂ | | ၁၄ | |
| ၂၉ | ဆင်ဘွတ် | ၂ | ၁၇၅၀ | ၁၄၃၅ | ၂၉၈ | ၁၇ | | |
| ၃၀ | ကျွဲရေကုန်း | ၁ | ၁၈၀၀ | ၁၁၇၀ | ၇၇၇ | | ၁၄၇ | |
| ၃၁ | ဆင်ရွာကြီး | ၃ | ၄၄၅၀ | ၃၁၅၀ | ၁၀၀၀ | ၃၀၀ | | |
| ၃၂ | နေရဋ္ဌယျ | ၂ | ၂၇၅၀ | ၂၃၂၈ | ၄၄၃ | | ၂၁ | |
| ၃၃ | ငြိမ်းချမ်းသာဇံ | ၂ | ၂၁၀၀ | ၁၆၄၆ | ၄၅၃ | ၁ | | |
| ၃၄ | မနောမယ | ၃ | ၂၉၅၀ | ၂၂၆၅ | ၃၈၅ | ၃၀၀ | | |
| ၃၅ | ရွာသစ် | ၂ | ၁၄၅၀ | ၉၉၄ | ၅၆ | ၄၀၀ | | |
| ၃၆ | ပေါက်မြိုင် | ၄ | ၅၀၀၀ | ၃၅၄၆ | ၁၄၀၅ | ၄၉ | | |
| ၃၇ | ဒုန်းကုန်း | ၁ | ၃၀၀ | ၂၁၅ | ၃၅ | ၅၀ | | |
| ၃၈ | အာလောင် | ၁ | ၈၅၀ | ၅၉၀ | ၁၁၀ | ၁၅၀ | | |
| ၃၉ | ပုဂံတပ် | ၁ | ၈၀၀ | ၇၄၉ | ၈၃ | | ၃၂ | |
| ၄၀ | ဘိုးလှကုန်း | ၂ | ၂၂၅၀ | ၁၈၀၃ | ၃၉၇ | ၅၀ | | |
| ၄၁ | ဂျိုင့်ကြီး | ၁ | ၇၅၀ | ၆၁၉ | ၈၁ | ၅၀ | | |
| ၄၂ | သရက်တပင် | ၄ | ၃၇၅၀ | ၃၂၄၃ | ၆၂၂ | | ၁၁၅ | |
| ၄၃ | ဟင်းရွက်စု | ၁ | ၁၁၀၀ | ၉၂၄ | ၂၆ | ၁၅၀ | | |
| ၄၄ | ဇီးချိုကုန်း | ၂ | ၂၅၀၀ | ၁၇၈၈ | ၅၇၈ | ၁၃၄ | | |
| ၄၅ | မဲကင်းကုန်း | ၄ | ၁၀၃၅၀ | ၆၈၀၂ | ၃၀၅၀ | ၄၉၈ | | |
| ၄၆ | နန်းဦးလွင် | ၇ | ၁၅၉၅၀ | ၉၂၂၂ | ၅၅၈၃ | ၁၁၄၅ | | |
| မဲရုံ+ရပ်ကျေးပေါင်း | | | ၁၈၀၇၀၀ | ၁၃၁၅၀၅ | ၄၂၃၅၇ | ၈၂၃၉ | ၁၄၀၁ | |
| မြို့နယ်ကြိုတင် | | | ၆၃၉ | ၆၅၄ | | | ၁၅ | |
| မြို့နယ်လက်ကျန် | | | ၄၂၉၉ | | ၄၄၂၃ | | ၁၂၄ | |
| စုစုပေါင်း | | | ၁၈၅၆၃၈ | ၁၃၂၁၅၉ | ၄၆၇၈၀ | ၈၂၃၉ | ၁၅၄၀ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ အား ဖမ်းဆီးအရေးယူ




**နေပြည်တော် မတ် ၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ အား ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ (ပ)၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**နိုင်ငံ့ဝန်ထမ်းများ တာဝန်ပျက်ကွက်စေရန်**

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အစိုးရဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သော နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန် (၂) ရှိ ရွှေဂုံတိုင်ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဦးမင်းသူ၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများကို တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေးအတွက် ၈၈ မျိုးဆက် (ငြိမ်း/ပွင့်) မှ မင်းကိုနိုင်၊ ကျော်မင်းယု(ခ) ဂျင်မီ တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၄ ရက်တွင် NLD ပါတီဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်ဖြစ်သော ဦးအောင်ကြည်ညွှန့်မှ **“CDM လှုပ်ရှားမှုတွင် ပါဝင်သည့်ဝန်ထမ်းများအား လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Team များ ဖွဲ့စည်းကာ သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ NLD ပါတီဝင်များမှ ဝိုင်းဝန်းကူညီကြရန်”** ညွှန်ကြားချက်စာ တစ်စောင်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးမင်းသူသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ခရိုင်အလုပ်မှုဆောင်အဖွဲ့ဝင် ၁၀ ဦးခန့်ဖြင့် ပါတီခရိုင်ရုံးတွင် အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး၌ CDM Supporting Team အား ဖွဲ့စည်းခဲ့ကြောင်း။

**ထောက်ပံ့ငွေရရှိကြောင်း ဝန်ခံထွက်ဆို**

အဆိုပါ CDM Supporting Team တွင် ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်-၉၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးကျော်ထွေး (ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း)၊ ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီ၊ အတွင်းရေးမှူး)၊ ဦးကျော်မြင့်ဦး(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၁၀၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးသန်းစိုးအောင် (ပျဉ်းမနားမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) နှင့် ဦးဇော်မင်းဦး (စိုက်ပျိုးရေးဦးစီးဌာန၊ အငယ်တန်း အင်ဂျင်နီယာ) တို့ ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် နေပြည်တော်ရှိ CDM လုပ်ဆောင်နေသည့် ဝန်ထမ်းများကို ကူညီထောက်ပံ့ပေးရန် ဦးနေလင်း(Relax ဗီနိုင်း)၊ ဦးမြတင့် (NLD ပါတီ၊ ခရိုင်နာယက)၊ ဦးဇော်မင်းကျော် (ရန်ကုန်မြို့၊ ခေတ်ပြတိုက်စာပေတိုက်ပိုင်ရှင်)၊ ဦးလှမျိုး(မြန်မာနိုင်ငံ ဆရာများသမဂ္ဂ)နှင့် ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ ထောက်ပံ့ငွေများ ရရှိထားကြောင်း ဝန်ခံထွက်ဆိုထားသည်။

ထို့ပြင် ဦးမင်းသူသည် နေပြည်တော်ခရိုင်ပါတီရုံးတွင် ရုံးထိုင်၍ ဆန္ဒပြအဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး)၊ ဦးမျိုးကိုဇင်မြင့်(NLD ပါတီ၊ နေပြည်တော် လူငယ်လုပ်ငန်းကော်မတီ အဖွဲ့ဝင်)၊ ဦးကျော်မင်းလှိုင် (ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးလှိုင်မင်းဦး (NLD ပါတီ၊ ဇမ္ဗူသီရိမြို့နယ် တွဲဖက်အတွင်းရေးမှူး) နှင့် အောင်အောင် (NLD ပါတီ၊ ပုဗ္ဗသီရိမြို့နယ်ဥက္ကဋ္ဌ) တို့နှင့်ချိတ်ဆက်၍ ဆန္ဒပြအဖွဲ့များလှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းထိန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဆန္ဒပြအဖွဲ့များနှင့် သွားရောက်ပူးပေါင်း၍ ဆူပူဆန္ဒပြစေရန်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အမှုဖွင့်လှစ် ထိန်းသိမ်းထား**

သို့ဖြစ်ပါ၍ ဦးမင်းသူ၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ဦးကျော်မင်းလှိုင် အားလည်းကောင်း၊ မတ် ၂ ရက်တွင် ဦးသန့်ဇင်ထွန်းအားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကျန်ရှိသည့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၇ ရက်တွင် ဖမ်းဆီးရမိ တရားခံများဖြစ်သည့် ဦးမင်းသူ အား ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ (ပ) ၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးကျော်မင်းလှိုင်အား ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်း၌ (ပ)၂၃/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးသန့်ဇင်ထွန်းအား လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၈**



လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ တပင်ရွှေထီးလမ်းမပေါ်တွင် လုံခြုံရေးဆောင်ရွက်နေစဉ် ယနေ့နံနက်ပိုင်းတွင် အောင်နန်းချပ် ကျောင်းဝင်း အတွင်း၌ ဆူပူဆန္ဒပြလိုသူ အင်အား ၂၅၀ ကျော်ခန့် စတင်စုဝေးကာ တပင်ရွှေထီးလမ်းပေါ်သို့ တက်ရောက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ အသိပေးဆောင်ရွက်ခဲ့သော်လည်း ဆူပူသူလူအုပ်စုမှ အတားအဆီးများချ၍ လမ်း ကျောက်ခဲများ၊ လေးခွများ၊ တူမီးများဖြင့် ပြန်လည်ပစ်ခတ်ပိတ်ဆို့ခြင်း၊ ကျောက်တုံး၊ သေနတ် (ဒေသလုပ်) ကျည်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများထဲမှ ကျား (၄၆) ဦး၊ မ (၄၅) ဦး၊ စုစုပေါင်း (၉၁) ဦး ဖမ်းဆီးရမိခဲ့ကာ ကျန်ဆူပူအကြမ်းဖက်သူများ လူစုခွဲသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများထဲမှ (၅) ဦးခန့် ဒဏ်ရာရရှိကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# CDM လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ပါဝင်သော ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ အာကာမိုးသူ အား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၈**

လှိုင်မြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ MICT ဝင်း အပေါက်ဝ၌ မတ် ၂ ရက် နံနက် ၈ နာရီက တက္ကသိုလ်ပေါင်းစုံ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ စုပေါင်းဆန္ဒပြရန် စုဝေးနေစဉ် CDM လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ပါဝင်သည့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ အာကာမိုးသူ အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား နိုင်ငံသားအစုအဖွဲ့တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီး ပုဒ်မ-၅ဝ၅ (က) ဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဖော်ထုတ်တွေ့ရှိ

ဒေါက်တာ အာကာမိုးသူသည် CDM ထောက်ပံ့ရေး ကော်မတီတစ်ရပ်အား ၎င်းအပါအဝင် ပါမောက္ခ ၇ ဦးဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာငွေ ရှာဖွေရေးအဖွဲ့၊သယ်ယူထောက်ပံ့ရေးအဖွဲ့၊ သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ မှတ်တမ်းနှင့် အချက်အလက် ပြုစုရေးအဖွဲ့၊ နည်းပညာနှင့် ဥပဒေအကြံပေး အဖွဲ့ဟူ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်တို့မှ ပါမောက္ခနှင့် ကထိက ၁၅ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းကာ CDM လှုပ်ရှားမှုအား ဆောင်ရွက်ခဲ့ခြင်းကို ဖော်ထုတ်တွေ့ရှိရကြောင်း။




### အမှုဖွင့်နိုင်ရေးဆောင်ရွက်

အဆိုပါ CDM ဦးဆောင်လှုပ်ရှားသူ ပါမောက္ခနှင့် ကထိက ၁၅ ဦးအနက် ဒေါက်တာ အာကာမိုးသူနှင့် ချိတ်ဆက်လှုပ်ရှားသည့် ကျန်ပါမောက္ခနှင့် ကထိက ၁၄ ဦးတို့အား ဆက်စပ်တရားခံအဖြစ် အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ တရားခံ ၁၄ ဦးမှာ ဒေါက်တာ ဝေယံလင်း (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)၊ ဒေါက်တာ နန်းနွယ် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)၊ ဒေါက်တာ အောင်ကျော်စွာ (တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒ ဌာန)၊ ဦးကြည်ထင်ပေါ် (တွဲဖက်ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သင်္ချာဌာန)၊ ဒေါက်တာ ဝင်းပပထွန်း (တွဲဖက်ပါမောက္ခ၊ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ စိတ်ပညာဌာန)၊ ဦးလှမျိုး(ကထိက၊ ဒဂုံတက္ကသိုလ်၊ မနုဿဗေဒဌာန)၊ ဒေါက်တာ ကျော်သန်းမိုး (ကထိက၊ ဒဂုံတက္ကသိုလ်၊ ရူပဗေဒဌာန)၊ ဒေါက်တာယဉ်ယဉ်ဝင်း (ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန)၊ ဦးတင်အောင်မိုး (ကထိက၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာ သန်းလွင်ဦး (ကထိက၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ဌာန)၊ ဦးသန်းထိုက်အောင် (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သမိုင်းဌာန)၊ ဦးအောင်ကျော်စိုး (ကထိက၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာန)၊ ဒေါက်တာ တိုးတိုးကျော် (ကထိက၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်) နှင့် ဒေါက်တာ သုလင်းဝေ (ကထိက၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်) တို့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

အဆိုပါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးလျက်ရှိကြောင်း။

ယနေ့တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ ပြည်သူ ၁၂၈၂၂ ဦးအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





# ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၁ သန်းကျော်ရှိ

ဆော်ပိုလို မတ် ၈

**ဘရာဇီးနိုင်ငံတွင် မတ် ၇ ရက်၌ ကိုဗစ် –၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၁၀၁၉၃၄၄ ဦးရှိလာသည်ဟု ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ် –၁၉ ဒုတိယအကျော့ ကူးစက်မှုဖြစ်ပေါ်နေချိန်တွင် အရေအတွက် တိုးသွားခြင်းဖြစ်သည်ဟု သိရသည်။**



ဆော်ပိုလိုမြို့တွင် ကိုဗစ် – ၁၉ လူနာကို ကုသပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

မတ်လ ၇ ရက်တွင် လူပေါင်း ၁၀၈၆ ဦးမှာ ကိုဗစ်– ၁၉ ကြောင့် သေဆုံးခဲ့ပြီး သေဆုံးသူစုစုပေါင်းမှာ ၂၆၅၄၁၁ ဦးရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။

ကိုဗစ် –၁၉ ဒုတိယအကျော့ကြောင့် ဘရာဇီးနိုင်ငံ၏ ဆေးရုံစနစ်မှာ ပြိုပျက်လုနီးနီး ရှိလာသည်။ ဗီဇပြောင်း ကိုဗစ်–၁၉ မှာလည်း မူရင်းဗိုင်းရပ်စ်ထက် ကူးစက်မှုပို၍ လျင်မြန်သည်။ မာတိုဂရောဆို၊ ဆန်တာကက်တရီနာ၊ ပါရာနာနှင့် ရီယိုဒီဂရန်ဒီဒို ဆိုလ်တို့တွင် အထူးကြပ်မတ်ကုသဆောင်များ၌ လူနာခုတင် ၁၀၀ ရာခိုင်နှုန်းပြည့်နေပြီဖြစ်သည်။ လူနာများမှာ လူနာခုတင်ရရှိရေးအတွက် တန်းစီစောင့်ဆိုင်းကြရသည်။

အဆိုပါပြည်နယ်များမှ အစိုးရများသည် ၎င်းတို့ဒေသမှလူနာများကို လက်ခံကုသပေးရန် အခြားပြည်နယ်များသို့ အကူအညီတောင်းခံထားသည်။ လူဦးရေ အထူထပ်ဆုံးဖြစ်သည့် ဆော်ပိုလိုမြို့တွင် ဒေသတွင်းဆေးရုံများမှာ ၈၀ ရာခိုင်နှုန်းအထိ ပြည့်နေပြီဟု ကြေညာထားသည်။ မကြာမီ ယာယီဆေးရုံများ ဆောက်လုပ်ရလိမ့်မည်ဖြစ်သည်။

ဗီဇပြောင်းကိုဗစ် –၁၉ ၏ ကူးစက်မြန်မှုကြောင့် ဆေးရုံများတွင် ကုသပေးနိုင်သည့်နှုန်းထက် ပိုမိုများပြားလာသည့်အတွက် ပြည်နယ်အများစုတွင် အရေးတကြီးမလိုအပ်သည့် ကုန်ပစ္စည်းများ ကုန်သွယ်မှုကို တားမြစ်ထားသည်။

ထို့ပြင် လူစုလူဝေးဖြစ်ခြင်းမှ ရှောင်ရှားရန်အတွက်လည်း သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ကို ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**



ကာကွယ်ဆေးများ သိုလှောင်ရုံသို့ ရွှေ့ပြောင်းသယ်ယူနေစဉ်။

## ဂျပန်နိုင်ငံသို့ စတုတ္ထအကြိမ်ပေးပို့သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ရောက်ရှိ

**တိုကျို မတ် ၈**

ဂျပန်နိုင်ငံသို့ စတုတ္ထအကြိမ်ပေးပို့သည့်ကိုဗစ် –၁၉ ကာကွယ်ဆေးများ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာမှ ထုတ်လုပ်သော ကိုဗစ်– ၁၉ ကာကွယ်ဆေးများ တိုကျိုမြို့အနီးရှိ နာရီတာလေဆိပ်သို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါကာကွယ်ဆေးများကို ဘယ်လ်ဂျီယံနိုင်ငံမှ မတ် ၈ ရက်တွင် ပေးပို့လိုက်ခြင်းဖြစ်သည်။ ကာကွယ်ဆေးများကို ကုန်တင်လေယာဉ်တွင် ရေခဲခြောက်များဖြင့် အထူးထုပ်ပိုးသယ်ဆောင်လာပြီး လေဆိပ်အပြင်ဘက်ရှိ ဆေးသိုလှောင်ရာအဆောက်အအုံသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ယခုစတုတ္ထအကြိမ်မြောက် ကာကွယ်ဆေးပေးပို့ရာတွင် တတိယအကြိမ် ပေးပို့ခဲ့သည်ထက်ပမာဏပို၍ များပြားကြောင်း၊ ကာကွယ်ဆေးအလုံးရေ ၉၉၀၀၀၀ ရှိပြီး ပထမဆုံးအကြိမ် ကာကွယ်ဆေးပေးပို့သည့်အချိန်ကစပြီး ယခုတစ်ကြိမ်သည် အရေအတွက်အများဆုံးဖြစ်ကြောင်း အစိုးရအရာရှိများက ပြောသည်။

ဂျပန်နိုင်ငံသည် ယခုအချိန်ထိ ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၃၆ သန်းကို ရရှိပြီးဖြစ်သည်။ မေလအစောပိုင်းတွင် ခရိုင်အားလုံးရှိ ကျန်းမာရေးဝန်ထမ်းအားလုံးကို နှစ်ကြိမ်ကာကွယ်ဆေး ထိုးနှံပေးရန် လုံလောက်မှုရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သက်ကြီးရွယ်အို ၃၆ သန်းကို ကာကွယ်ဆေးထိုးပေးမည့်အစီအစဉ်ကို ဧပြီ ၁၂ ရက်တွင် စတင်မည်ဖြစ်ပြီး ဇွန်လအကုန်တွင် အသက် ၆၅ နှစ်နှင့်အထက် လူများကို နှစ်ကြိမ်တိုင် ကာကွယ်ဆေးထိုးပေးရန် လုံလောက်မှုရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

## နယူးဇီလန်နိုင်ငံက တစ်နိုင်ငံလုံးစာလုံလောက်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ ဝယ်ယူပြီးဖြစ်

**ဝယ်လင်တန် မတ် ၈**

ကိုဗစ် – ၁၉ ကာကွယ်ဆေး ၈ ဒသမ ၅ သန်းကို နောက်ထပ်ဝယ်ယူပြီးနောက် ဖိုက်ဇာ – ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးများကို နယူးဇီလန်နိုင်ငံသားတိုင်းထိုးနှံခွင့်ရရှိမည်ဟု အစိုးရက အာမခံချက်ပေးကြောင်း ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က မတ် ၈ ရက်တွင် ပြောသည်။ အစိုးရသည် ကိုဗစ်–၁၉ ကာကွယ်ဆေး ၈ ဒသမ ၅ သန်း ကြိုတင်ဝယ်ယူရန် သဘောတူပြီးဖြစ်ကြောင်း လူပေါင်း ၄ ဒသမ ၂၅ သန်းကို ကာကွယ်ဆေးထိုးပေးရန် လုံလောက်မှုရှိကြောင်း သိရသည်။

ယခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် အဆိုပါကာကွယ်ဆေးများ နယူးဇီလန်နိုင်ငံသို့ ရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ကာကွယ်ဆေး စုစုပေါင်း ၁၀ သန်းသည် ပြည်သူငါးသန်းကို နှစ်ကြိမ်ဆေးထိုးပေးရန် လုံလောက်မှုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နယူးဇီလန်အစိုးရသည် ကာကွယ်ဆေး ၁ ဒသမ ၅ သန်း နီးပါး ရရှိရန် ဖိုက်ဇာကုမ္ပဏီနှင့် သဘောတူညီထားရာ လူပေါင်း ၇၅၀၀၀၀ အတွက် လုံလောက်မှုရှိသည်။ ထို့ကြောင့် နယူးဇီလန်နိုင်ငံသားအားလုံး တူညီသည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကိုထိုးနှံရန် အခွင့်အရေး ရှိသည်ဟု အာဒန်က ပြောသည်။

လူတစ်ဦးကာကွယ်ဆေးထိုးပြီးတိုင်း ကိုဗစ် –၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် အချိန်နီးကပ်လေဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ပိုလျှံသည့် ကာကွယ်ဆေးများကိုလည်းပစိဖိတ်ဒေသနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လှူဒါန်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်ကို တွေ့ရစဉ်။

## ဗီယက်နမ်တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်

**ဟနွိုင်း မတ် ၈**

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနသည် မတ် ၈ ရက်မှစတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးရေးလှုပ်ရှားမှုကိုစတင်ခဲ့ပြီး သမိုင်းတွင် အကြီးဆုံးကာကွယ်ဆေးထိုးပေးမှုဖြစ်သည်ဟု သိရသည်။

တစ်နိုင်ငံလုံးအနှံ့ကာကွယ်ဆေးထိုးနှံပေးမှု သန်း ၁၀၀လုပ်ဆောင်ပေးခဲ့သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက မတ် ၈ ရက်တွင် ပြောသည်။ အက်စ်ထရာဇနီကာ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးခြင်းကို နံနက် ၈ နာရီတွင် စတင်ခဲ့သည်။ ကိုဗစ် – ၁၉ နှင့် တိုက်ရိုက်ထိတွေ့မှုရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ဦးစွာ ကာကွယ်ဆေးထိုးပေးသည်။ မြို့တော်ဟနွိုင်း၊ ဟိုချီမင်းမြို့တောင်ပိုင်းနှင့် ကူးစက်မှု၏ဗဟိုချက်မဖြစ်နေသော ဟိုင်ဒေါင်းပြည်နယ်တို့တွင် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံခြင်းမှာ ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ရေးအတွက်အရေးပါသည့်အစိတ်အပိုင်းဖြစ်ကြောင်း ပြည်သူများပုံမှန်နေထိုင်မှုဘဝပြန်လည်ရရှိရေးအတွက် အထောက်အကူဖြစ်စေသည့် အရေးပါသောလုပ်ငန်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

လာမည့်ရက်များအတွင်း အခြားသောပြည်နယ်များနှင့် မြို့များတွင်လည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံမှုများကို လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၄ ရက်၌ ဗြိတိန်ကုမ္ပဏီဖြစ်သည့် အက်စ်ထရာဇနီကာကုမ္ပဏီမှ ကာကွယ်ဆေး ၁၁၇၆၀၀ ကို ပထမဆုံးအကြိမ်အဖြစ် လက်ခံရရှိခဲ့သည်။ တနင်္လာနံနက်ပိုင်းအထိ ဗီယက်နမ်နိုင်ငံတွင်ကိုဗစ် – ၁၉ ကူးစက်သူ ၂၅၁၂ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

### ၈-၃-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၆၉၇၁၈၈ | ၂၀၃၃၆၆၆၁ | ၅၃၇၈၄၁ |
| ၂။ | အိန္ဒိယ | ၁၁၂၂၉၃၉၈ | ၁၀၈၈၂၇၉၈ | ၁၅၇၈၉၀ |
| ၃။ | ဘရာဇီး | ၁၁၀၁၉၃၄၄ | ၉၇၅၇၁၇၈ | ၂၆၅၅၀၀ |
| ၄။ | ရုရှား | ၄၃၃၃၀၂၉ | ၃၉၂၂၂၄၆ | ၈၉၄၇၃ |
| ၅။ | ဗြိတိန် | ၄၂၁၈၅၂၀ | ၃၁၉၉၅၆၅ | ၁၂၄၅၀၁ |
| ၆။ | ပြင်သစ် | ၃၉၀၄၂၃၃ | ၂၆၅၂၉၅ | ၈၈၅၇၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၆၇၄၈၆ | ၂၄၉၄၈၃၉ | ၉၉၇၈၅ |
| ၉။ | တူရကီ | ၂၇၈၀၄၁၇ | ၂၆၂၃၉၂၄ | ၂၉၀၃၀ |
| ၁၀။ | ဂျာမနီ | ၂၅၀၈၆၅၅ | ၂၃၁၀၉၀၀ | ၇၂၅၃၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၈၆၅၅၆ | ၁၂၀၃၃၈၁ | ၃၇၅၄၇ |
| ဖိလစ်ပိုင် | ၅၉၇၇၆၃ | ၅၄၅၉၁၂ | ၁၂၅၂၁ |
| မလေးရှား | ၃၁၄၉၈၉ | ၂၉၄၀၃၄ | ၁၁၇၇ |
| မြန်မာ | ၁၄၂၀၄၅ | ၁၃၁၆၇၉ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၄၆ | ၅၉၈၉၄ | ၂၉ |
| ထိုင်း | ၂၆၄၄၁ | ၂၅၇၇၇ | ၈၅ |
| ဗီယက်နမ် | ၂၅၂၄ | ၁၉၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၁၀၁၁ | ၅၁၇ | ၀ |
| ဘရူနိုင်း | ၁၉၀ | ၁၈၂ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၈–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၇–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၈–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၃,၇၆၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၄၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၇၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန






# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁၄၉ ဒသမ ၀၇၉) သန်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ (၃၂၃ ဒသမ ၇၅၈) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာ (၂၀၂၀) | | ဇန်နဝါရီလ(၂၀၂၁) | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| (က) | စက်မှုကဏ္ဍ | ၅ | ၁၅.၀၁၅ * | ၇ | ၁၅၅.၅၁၈ * |
| (ခ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၂ | ၄၈.၀၆၄ | ၄ | ၁၁၂.၆၁၃ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၈၁.၀၀၀ * | - | - |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | - | ၂ | ၁၀.၃၁၆ * |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၅.၀၀၀ * | ၂ | ၃၉.၅၀၁ |
| (စ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | - | - | ၅.၈၁၀ * |
| | စုစုပေါင်း | ၉ | ၁၄၉.၀၇၉ | ၁၅ | ၃၂၃.၇၅၈ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၁၂၇၇၅၉ ဒသမ ၅၇၅) သန်းနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၈၈၃၁၈၀ ဒသမ ၄၅၅) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာ(၂၀၂၀) | | ဇန်နဝါရီလ(၂၀၂၁) | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | - | ၂ | ၁၄၇၇၇.၅၈၀ * |
| (ခ) | စက်မှု ကဏ္ဍ | ၆ | ၁၁၈၁၀.၅၇၅ | ၅ | ၈၅၈၆၁၅.၂၀၀ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၃ | ၇၃၂၁၅.၀၀၀ | ၁ | ၁၄၃၀.၁၀၀ |
| (ဃ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၁ | ၁၃၇၀၄.၀၀၀ | ၂ | ၈၃၅၇.၅၇၅ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၂ | ၂၈၃၈၀.၀၀၀ | - | - |
| (စ) | စိုက်ပျိုးရေး ကဏ္ဍ | ၁ | ၆၅၀.၀၀၀ | - | - |
| | စုစုပေါင်း | ၁၃ | ၁၂၇၇၅၉.၅၇၅ | ၁၀ | ၈၈၃၁၈၀.၄၅၅ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာ(၂၀၂၀) | ဇန်နဝါရီ(၂၀၂၁) |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | ၄၄ |
| (ခ) | စက်မှု ကဏ္ဍ | ၅၁၀၅ | ၂၅၈၃ |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁၆၄၆ | ၂၆၈၅ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၁၇၉ | - |
| (င) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂၃ | ၁၃၃၈ |
| | စုစုပေါင်း | ၆၉၅၃ | ၆၆၅၀ |

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာ(၂၀၂၀) | ဇန်နဝါရီ(၂၀၂၁) |
| (က) | စက်မှု ကဏ္ဍ | ၂၀၆၈ | ၈၅၄ |
| (ခ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၆၇၃ | ၅၈ |
| (ဂ) | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၆၅ |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၁၅ | - |
| (င) | စိုက်ပျိုးရေး ကဏ္ဍ | ၂၁ | - |
| (စ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂၃၀၉ | ၁၀၈ |
| | စုစုပေါင်း | ၅၃၈၆ | ၁၀၈၅ |

သတင်းစဉ်


## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်တွင် လည်းကောင်း၊ ရသေ့တောင်မြို့နယ် မြင်းဂန်းချောင်းကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင် လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်အစိုးရအားဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ်ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်အစိုးရအားဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုကို ပျက်ပြားစေရေး နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသော အဖျက်အမှောင့်အုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရဆန့်ကျင်ရေးကို နေ့စဉ်နှင့်အမျှ ပုံဖော်ဆောင်ရွက်နေကြရာတွင် အေးချမ်းစွာ ဆန္ဒပြသည့်ခေါင်းစဉ်မှ ဆူပူအဖျက်အမှောင့်ပြုလုပ်ခြင်း၊ ၎င်းမှ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို လွန်ကဲစွာကျူးလွန်ဆောင်ရွက်ခဲ့ကြသဖြင့် အများပြည်သူလူထု၏ လိုလားချက်ကို ရှေးရှုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နေ့/ညမပြတ် လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိကြောင်း။

ဆူပူအကြမ်းဖက်သူ လူစုအနေဖြင့် လူအားဖြင့် လှုပ်ရှားမှုများအပြင် အစိုးရဆန့်ကျင်ရေးစာတန်းများကို အများပြည်သူပိုင်လမ်းမကြီးများပေါ်တွင် ဆေးရေးခြယ်ခြင်း၊ ညအချိန်တွင် အစိုးရဆန့်ကျင်ရေးစာသားများပါ ဖယောင်းတိုင်ထွန်းခြင်း စသည်ဖြင့် လူစုလူဝေးဖြစ်ပေါ်အောင် လှုံ့ဆော်ဆောင်ရွက်ခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အခြေအနေအခွင့်သာမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နေမှုများအပြင် ယခုရက်ပိုင်းအတွင်း၌ နိုင်ငံတော်အကြီးအကဲ၏ ဓာတ်ပုံများအား ဗီနိုင်း/စက္ကူများဖြင့် ပုံနှိပ်ထုတ်လုပ်ပြီး လမ်းမကြီးများနှင့် လူသွားလမ်းကြောင်းများတွင် ချထားခြင်း၊ အုတ်တံတိုင်းတွင်ကပ်ခြင်း၊ သံချိုင်းအုတ်ဂူများတွင် ကပ်ထားခြင်း စသည်ဖြင့် မသင့်မလျော် လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် ရည်ရွယ်ချက်မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များသည် (၂၀၁၄) ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေနှင့် ငြိစွန်းသည့်အပြင် ရာဇသတ်ကြီးပုဒ်မ(၅၀၅-က) ဖြင့် အရေးယူခံရသည့် ပြစ်မှုကျူးလွန်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း အဆိုပါ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များအနေဖြင့် ၎င်းလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြု (မပြု)လုပ်ကြရန်နှင့် စစ်ဆေးရှာဖွေတွေ့ရှိရပါက ဥပဒေနှင့် အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်

**နေပြည်တော် မတ် ၈**

သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဥပဒေမဲ့လုပ်ရပ်များ**

အဆိုပါထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသည်ဟူသည့် ခေါင်းစဉ်အမျိုးမျိုးဖြင့် နေရာအနှံ့အပြားတွင် ဥပဒေမဲ့လုပ်ရပ်များကို များပြားစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်အနှံ့ဆောင်ရွက်နေချိန်တွင် မတ် ၅ ရက်မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် အမျိုးသမီးဝတ် လုံချည်များအား ကြိုးတန်းဖြင့် ချည်နှောင်၍ လူသွားလမ်းများအပေါ်မှထားရှိခြင်း အမျိုးသမီးလစဉ်သုံးပစ္စည်းများအား ကြိုးတန်းတွင်ချည်နှောင်ပြီး လူပုဂ္ဂိုလ်နှင့် သံဃာတော်များ အောက်မှသွားလာနေရသည်ကို တွေ့ရှိရကြောင်း။

**အများဆုံး ဆောင်ရွက်ခဲ့ကြ**

မတ် ၈ ရက်တွင် (နွေဦးတော်လှန်ရေး) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ (အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့)ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသမီးဝတ်လုံချည်အမျိုးမျိုးအား အလံတိုင်ကဲ့သို့ ချည်နှောင်ပြီး လှည့်လည်ဆန္ဒပြခြင်း၊ နိုင်ငံတော်အဆင့် ထေရ်ကြီးဝါကြီး (ဆရာတော်တစ်ပါး) ရုပ်ပုံများအား ဗီနိုင်းဖြင့်ထုတ်၍ အမျိုးသမီးဝတ် လုံချည်များတွင်ကပ်ကာ ကြိုးဖြင့်တန်း၍ အများပြည်သူအသုံးပြုလမ်းများတွင် ချိတ်ဆွဲထားရှိသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် အများဆုံး ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

**မလုပ်သင့် မလုပ်ထိုက်အပ်**

ထိုသို့ ဆောင်ရွက်နေမှုများသည် ဘာသာ သာသနာကို အလွန်စော်ကားခြင်း၊ နိုင်ငံတော်အတွင်းရှိ သံဃာထုအား လုံးဝအလေးမထား၊ ဂရုမစိုက်ကြောင်းပြသည့် အပြုအမူများ ဖြစ်သကဲ့သို့ ယခင်အစိုးရကာလတွင် အမျိုးဘာသာ သာသနာအား လျှော့နည်းစေခဲ့သည့် လုပ်ရပ်များမှတစ်ဆင့် လူငယ်ထုအတွင်း ဝါဒမှိုင်းတိုက်ခံရပြီး မလုပ်သင့် မလုပ်ထိုက်အပ်သော ကိစ္စရပ်ကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ရပ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကို အပြည့်အဝ ကြည်ညိုလေးစား ကိုးကွယ်ကြသည့်လူထုများ၊ သံဃာထုများ အနေဖြင့် နိုင်ငံနှင့်အဝန်းလွန်စွာစိတ်မကောင်း ဝမ်းနည်းဖြစ်ရသည့် ဖြစ်စဉ်များဖြစ်ကြောင်းနှင့် လက်ခံနိုင်ဖွယ်မရှိသဖြင့် သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်သည့် ဦးစီးခေါင်းဆောင်ပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၈**



တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှု မရှိသည်ကိုအကြောင်းပြ၍ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံး ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့် စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများကို မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ကန်ချောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ဖြပ္ပဒါတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပန်းသွင်းလေး ကျေးရွာရှိ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီး ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့၌ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ဖေဖော်ဝါရီ ၈ ရက်နှင့် ဖေဖော်ဝါရီ ၉ ရက်တို့တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ထပ်မံထုတ်ပြန်**

ထိုသို့ထုတ်ပြန်ရာ ယနေ့တွင်လည်း မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်နှင့် သထုံခရိုင်၊ ပေါင်မြို့နယ်များအတွင်းတို့၌ စုဝေးခြင်း၊ ဟောပြောခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်ပြီး လူ ၅ ဦး သို့မဟုတ် ၅ ဦး ထက်ပိုသောသူများသည် ယင်းမြို့နယ်များအတွင်း အများပြည်သူနှင့်ဆိုင်သောနေရာများတွင် စုဝေးခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်ကို ထပ်မံထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများ အနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်ဆန္ဒပြသူလူတစ်စုက အပြစ်မဲ့ပြည်သူတစ်ဦးအား ဖမ်းဆီးချုပ်နှောင်ရိုက်နှက် အင်ဂျင်နီယာအမည်ခံ CDM ဆန္ဒပြလှုပ်ရှားသူများ အသုံးပြုသည့်ပစ္စည်းများအား သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်တွင်နေထိုင်သူ ဦးသိန်းထွန်း(ကျောင်းဆရာအငြိမ်းစား) သည် ယနေ့နံနက် ၁၁ နာရီခန့်တွင် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ၎င်း၏ မိတ်ဆွေထံသို့ လူမှုကိစ္စများ ဆောင်ရွက်ရန် သွားရောက်စဉ် အဆိုပါရပ်ကွက်ရှိ ဆူပူဆန္ဒပြလူတစ်စုက လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးသူဟု စွပ်စွဲပြီး ဖမ်းဆီးရိုက်နှက်ကာ ရပ်ကွက်ရှိ သီရိရတနာဓမ္မာရုံ၌ ချုပ်နှောင်ထားကြောင်း သိရသည်။

အဆိုပါ ဦးသိန်းထွန်း အား ချုပ်နှောင်ထားမှုအပေါ် တာဝန်သိပြည်သူအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ သတင်းပေးပို့ခဲ့သဖြင့် သွားရောက်၍ လိုအပ်သည်များဆောင်ရွက်ခဲ့ရာ ဖမ်းဆီးချုပ်နှောင်ခံရသူ ဦးသိန်းထွန်းမှာ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် လွတ်မြောက်သွားခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် ၅၇ လမ်းထောင့်သို့အရောက် ဆိုင်ကယ်တစ်စီးသည် လုံခြုံရေးယာဉ်တန်းအား တွေ့ရှိ၍ ရှောင်ရှားရာမှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ မောင်ဇင်နိုင်သူ၊ မောင်ကိုဦးတို့နှစ်ဦးမှာ(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များတွင် ပါရှိသည့် ဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်၊ ဖိုးရာဇာလမ်း၊ ၅၉ လမ်းနှင့် ၆၀ လမ်းကြား၊ (ဈ)ရပ်ကွက်ရှိ ဆူပူဆန္ဒပြသူလူတစ်စုအခြေပြုနေရာဖြစ်သော ကနောင်ခန်းမအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် အလံများ၊ ဆိုင်းဘုတ်များ၊ နဖူးစည်းများ၊ အင်ဂျင်နီယာဦးထုပ်များ၊ ဗီနိုင်းများ၊ ရေကာမျက်မှန်များ၊ အထပ်သားဒိုင်းများ၊ ဖိုက်ဘာဒိုင်းများ၊ သံဒိုင်းများနှင့် မော်တော်ဆိုင်ကယ်များ စသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။




အဆိုပါသိမ်းဆည်းရမိပစ္စည်းများမှာ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ အင်ဂျင်နီယာ CDM ဆန္ဒပြ လှုပ်ရှားသူများအသွင် အမည်ခံ၍ အသုံးပြုလျက်ရှိသော ပစ္စည်းများဖြစ်ကြောင်း သိရှိရပြီး ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မတ် ၈**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သာစည်ဘုရားအနီးတွင် ယနေ့မွန်းလွဲပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူ အင်အား(၇၀) ခန့်က ဂျင်ကလိ၊ လေးခွတို့ဖြင့် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့မှ အရာရှိ(၁)ဦး မျက်လုံးအောက်တွင် လေးခွထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့မှ အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဆူပူသူဆန္ဒပြသူများအနက်မှ ကျား(၄)ဦး၊ မ(၁)ဦးတို့ ဒဏ်ရာရရှိကာ လူစုခွဲထွက်ပြေးသွားခဲ့ကြောင်း။

ယင်းသို့ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးရန်အကြံဖြင့် ဆူပူအကြမ်းဖက်ခဲ့ကြသူများအား ဆက်လက်စုံစမ်း ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းယုမြို့၌ မိုးမခမျှစ်ခါးများ ဈေးကောင်းရ၍ တူးဖော်ရောင်းချသူများ အပိုဝင်ငွေရ

**မိုင်းယု မတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့တွင် မိုးမခမျှစ်ခါးများကို ပြည်သူများ ကြိုက်နှစ်သက်သောကြောင့် စားသုံးမှုများပြားနေသည့်အတွက် မိုးမခမျှစ်ခါး ရှာဖွေတူးဖော်ရောင်းချနေသည့် ကျေးလက်တောင်သူများမှာ မိသားစုအပိုဝင်ငွေ ရရှိကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသားများ၏ အစားအစာများအနက် မိုးမခမျှစ်ခါးသည် တစ်နှစ်မှတစ်ခါတည်းသာ စားခွင့်ရသော သဘာဝအလျောက် အလေ့ကျပေါက် ရာသီစာဖြစ်သည်။ တပေါင်းလအစမှ ကဆုန်လဆန်းကာလအကြား သင်္ကြန်မိုးကျပြီးနောက် မျှစ်အစို့ စတင်ထွက်ရှိလာကာ တူးယူစားသုံးကြခြင်းဖြစ်ပြီး ယင်းကဲ့သို့ မျှစ်အစို့ စတင်ထွက်ပေါ်လာချိန်၌ တူးယူခြင်းသည် အခါးဓာတ်ကင်းပြီး ချိုမြိန်သော မိုးမခမျှစ်ခါးအရသာကို ရရှိစေကာ မိုးရေထိတွေ့သွားပါက အချိုအဖြစ်မှ အခါးအဖြစ်သို့ သဘာဝအလျောက် ပြောင်းလဲသွားသောကြောင့် မျှစ်ခါးဟု ခေါ်ဝေါ်ရခြင်း ဖြစ်ကြောင်း သိရသည်။

သင်္ကြန်မိုးကျပြီးနောက် မြေပေါ်သို့ အစို့စတင်ထွက်ပေါ်လာချိန်၌ပင် ဒေသခံတိုင်းရင်းသားများက အုပ်စုလိုက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်းသော်လည်းကောင်း မျှစ်ခါးပင်ရှိရာ ဝေးလံသည့် တောတောင်လျှိုမြောင်များသို့ သွားရောက်၍ တူးဖော်လေ့ရှိကြကြောင်း၊ ယင်းမျှစ်ခါးပင်ကို မြေအနက် တစ်ပေနီးပါးအထိ ဆက်လက်တူးယူမှသာလျှင် ချိုမြိန်သော မျှစ်ခါးအားရရှိပြီး အဆိုပါ မျှစ်ခါးများကို တစ်နေ့တာတူးယူလျှင် ဘေးလွယ်အိတ်တစ်လုံးခန့် တူးဖော်ရရှိကြောင်း မျှစ်ခါးရှာဖွေတူးဖော်ရောင်းချသူများထံမှ သိရသည်။

ထိုသို့ တူးဖော်ရရှိလာသော မိုးမခမျှစ်ခါးအား မီးဖုတ်၍ဖြစ်စေ၊ ပြုတ်၍ ဖြစ်စေ၊ တို့စရာဟင်းလျာအဖြစ် လည်းကောင်း၊ ကြော်ချက်၍ လည်းကောင်း အမျိုးမျိုးချက်ပြုတ်ကာ မြိန်ယှက်သော ဟင်းလျာတစ်ခွက်အဖြစ် စားသုံးခြင်းဖြစ်၍ ဈေးကွက်အတွင်း ရောင်းချရာတွင် မိုးမခမျှစ်ခါးငါးချောင်းမှ ခြောက်ချောင်း ပါဝင်သော အစည်းတစ်စည်းလျှင် ငွေကျပ် ၁၀၀၀ မှ ၂၀၀၀၊ သုံးစည်းလျှင် ငွေကျပ် ၅၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**






## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှု ကော်မတီ**

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် မတ် ၈**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆန်နှင့် ဆီများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြင်သူတကာငေးအောင် ဖွံ့ဖြိုးလှပသည့် စပျစ်သီးခိုင်များရရှိစေရန် စပျစ်စိုက်ပျိုးနည်း



**"စပျစ်ပင် အဖူးထွက်စအချိန်ကနေ သီးလုံးကူး သီးကင်းဝင်တဲ့အချိန်အထိ တစ်လခွဲခန့် ကြာမြင့်ပါတယ်။ ကိုင်းဖြတ်ချိန်နဲ့ တွက်ကြည့်မယ်ဆိုရင် ကိုင်းဖြတ်ချိန် နေ့ညအပူချိန်ပြောင်းလဲမှုအပေါ် မူတည်ပြီး တစ်လခွဲ၊ နှစ်လအထိ ကြာနိုင်ပါတယ်။ ဒါ့ကြောင့် စပျစ်သီးခိုင်လေးတွေ ဖွံ့ဖြိုးလှပဖို့အတွက် အချိန်တစ်လခွဲလောက် ဂရုတစိုက် ပြုစုပေးမယ်ဆိုရင် အဆင်ပြေ"**

စပျစ်သီးခိုင်လေးတွေကို မြင်သူတကာ ငေးအောင် လှပနေစေဖို့ ဘယ်အချိန်မှာ အဓိကထား ဂရုစိုက်ပေးရမလဲ၊ စပျစ်ဖူးလေးတွေ သေးနေလို့၊ အခိုင်လေးတွေ သေးနေလို့ ဘယ်လိုလုပ်ရမလဲ ဆိုတဲ့ မေးခွန်းလေးတွေကို စပျစ်ဝါသနာရှင်တွေ တော်တော်လေး အမေးများကြပါတယ်။

**သီးကင်းဝင်ချိန်ဂရုစိုက်ပြုစုပေး**

လှပဖွံ့ဖြိုးတဲ့ စပျစ်သီးခိုင်တွေရဖို့နဲ့ အဖူးအခိုင်များများရဖို့၊ ဒီနှစ်ခုက တူသလိုလိုနဲ့ မတူကွဲပြားမှုလေးတွေ ရှိနေပါတယ်။ စပျစ်စိုက်ပျိုးရေးဝါသနာရှင်တွေ အနေနဲ့ (၁) လှပဖွံ့ဖြိုးတဲ့ စပျစ်သီးခိုင်တွေရဖို့ အတွက်ဆိုရင် အဖူးခိုင်ထွက်စ အချိန်ကနေ သီးလုံးကူး သီးကင်းဝင်ချိန်အတွင်း အဓိကထား ဂရုစိုက် ပြုစုပေးရပါမယ်။ (၂) အဖူးခိုင်များများ ပါဖို့အတွက်ဆိုရင်တော့ ကိုင်းမဖြတ်မီ တစ်လခွဲအလိုလောက် ကတည်းက ကြိုတင်ပြင်ဆင်ထားရပါမယ်။



**စပျစ်သီးခိုင်လေးတွေ ဖွံ့ဖြိုးလှပဖို့**

''စပျစ်ပင် အဖူးထွက်စအချိန်ကနေ သီးလုံးကူး သီးကင်းဝင်တဲ့အချိန်အထိ တစ်လခွဲခန့် ကြာမြင့်ပါတယ်။ ကိုင်းဖြတ်ချိန်နဲ့ တွက်ကြည့်မယ်ဆိုရင် ကိုင်းဖြတ်ချိန် နေ့ညအပူချိန်ပြောင်းလဲမှုအပေါ် မူတည်ပြီး တစ်လခွဲ၊ နှစ်လအထိ ကြာနိုင်ပါတယ်။ ဒါ့ကြောင့် စပျစ်သီးခိုင်လေးတွေ ဖွံ့ဖြိုးလှပဖို့အတွက် အချိန်တစ်လခွဲလောက် ဂရုတစိုက် ပြုစုပေးမယ် ဆိုရင် အဆင်ပြေလုံလောက်ပါတယ်''ဟု ပုလဲ စပျစ်စိုက်ပျိုးရေးမှ ကိုလှိုင်ထွန်းက ပြောပါတယ်။

အဖူးထွက်စအချိန်မှ သီးကင်းဝင် သီးလုံးကူးချိန်အတောအတွင်း ရေနှင့်အစာအာဟာရ အလုံအလောက်ပေးရန် လိုအပ်ခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေရန် ဂရုစိုက်ခြင်း၊ အဖူးထွက်စမှ သီးကင်းဝင်ချိန်အထိ ရွက်ဖျန်း အာဟာရများအနည်းဆုံးငါးကြိမ်မှ ခုနစ်ကြိမ်ခန့်အထိ ဖျန်းပက်အသုံးပြုပေးခြင်း၊ N,P,K အပြင် ဘိုရွန်ပါဝင်သည့် ဆေးအမျိုးအစားနှင့် ဟော်မုန်းဆေးတချို့ အသုံးပြုပေးခြင်း၊ အဖူးထွက်စမှ အသီးကင်းဝင်ချိန်အတွင်း ရေဓာတ် ၆၀ ရာခိုင်နှုန်းနှင့် အထက်ရှိစေရန် ထိန်းသိမ်းပေးခြင်း၊ မိုးရွာသွန်းမှုနည်းပါက မိမိမြေအနေအထားကို ချိန်ဆ၍ ငါးရက်တစ်ကြိမ်ခန့် ရေသွင်းပေးခြင်း စသည်တို့ပြုလုပ်ပေးရမည်ဖြစ်ကြောင်းလည်း သိရပါတယ်။

**ကိုင်းမဖြတ်ခင် မြေဩဇာကျွေး**

"စပျစ်တစ်ဧက အတွက် ကိုင်းမဖြတ်ခင် မြေဩဇာ ၁၅ ပတ်လည် သုံးအိတ်လောက် ကျွေးပေးနိုင်ပါတယ်။ ကိုင်းမဖြတ်ခင်နဲ့ကိုင်းဖြတ်ပြီးချိန်မှာ အစာကျွေးတဲ့အခါ စိုက်ပျိုးထားတဲ့ မြေဆီလွှာအခြေအနေနဲ့ ထည့်သွင်းထားတဲ့ မြေဩဇာတွေကို ချိန်ဆပြီး လိုတိုးပိုလျှော့လုပ်နိုင်ပါတယ်။ ကြားသီးယူတဲ့ စပျစ်ခြံတွေကို အပင်အာဟာရဖြည့်တဲ့အခါ မြေအောက်အမြစ်က ကျွေးတာအပြင် အရွက်က ဖျန်းပက်ပေးတာတွေကိုပါ ပြုလုပ်ပေးရပါမယ်။ စပျစ်ပင်အတွက် လုံလောက်တဲ့ အာဟာရတွေ ပြည့်ဝပြီး ဖွံ့ဖြိုးတဲ့စပျစ်သီးခိုင်တွေ ရလာဖို့ပါ''ဟု ကိုလှိုင်ထွန်းက ဆိုပါတယ်။

**ရေဓာတ်မလုံလောက်ခြင်း**

အစာလည်းကျွေးခြင်း၊ ရွက်ဖျန်း အားဆေးဖျန်းခြင်းများ ပြုလုပ်သော်လည်း အဖူးအခိုင်သေးနေသည့် စပျစ်ခြံများမှာမူ ရေဓာတ် မလုံလောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရပါတယ်။

**နန်းထက်ထက်ချစ်**

# အရင်းအနှီးများပြီး အမြတ်များများရသည့် ဖီးကြမ်းငှက်ပျော စိုက်ပျိုးရေး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာတွင် ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာ အရင်းအနှီးများများ စိုက်ထုတ်ရသော်လည်း အမြတ်များများကျန်ကြောင်း ကျောက်တန်းကျေးရွာ ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

ဖီးကြမ်းငှက်ပျောမှာ ငှက်ပျောစို့ (ခေါ်) ငှက်ပျောပင်ပေါက်ကလေးများကို တူး၍ တစ်ပင်နှင့်တစ်ပင် လေးပေခြားကာ စိုက်ပျိုးရပြီး ကိုးလ၊ ဆယ်လအကြာတွင် ငှက်ပျောဖူးများထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး သုံးလပြည့်လျှင် ရောင်းတန်းဝင် ငှက်ပျောခိုင်တစ်ခိုင်ကို ရရှိကာ တစ်ဖီးလျှင် ပျမ်းမျှ ငွေကျပ် ၈၀၀ ဈေးနှုန်းရှိကြောင်း သိရသည်။

ငှက်ပျောပင်များသည် စိုက်ပျိုးပြီး တစ်နှစ်နီးပါး အချိန်ကြာကြာစောင့်ရသော်လည်း စိုက်ပျိုးပြီး၍ ရောင်းတန်းဝင် အပင်များဖြစ်လာပါက ငှက်ပျောခိုင်၊ အရွက်၊ ပင်စည်ထဲမှ ငှက်ပျောအူအကုန်ရောင်းချရသည်။ ငှက်ပျောခိုင်မှာ အဖီးကျသလောက် ငွေရပြီး ငှက်ပျောလက်တစ်ရွက် ကျပ် ၅၀၊ ငှက်ပျောအူပါ ပင်စည်တစ်ပင် ငွေကျပ် ၄၀၀/၅၀၀ ရောင်းချရကြောင်း သိရသည်။

"ကျွန်တော့် ငှက်ပျောခြံက လေးဧကကျယ်ပြီး ငှက်ပျောပင်ပေါင်း ထောင်ချီရှိပါတယ်။ ဖီးကြမ်းငှက်ပျောစို့ တစ်စို့ကို ငွေကျပ် ၄၀၀ နဲ့ ဝယ်ယူစိုက်ပျိုးရပြီး ကျင်းတူးခ၊ မြေရှင်းခ၊ မြေအောက်ရေတူးခ၊ ရေစက်ဖိုး အားလုံးပေါင်း ငွေကျပ် သိန်း ၃၀ အကုန်အကျခံ စိုက်ပျိုးထားပေမယ့် တစ်နှစ်သားရှိတဲ့ ဖီးကြမ်းပင် တစ်ပင်ဟာ ငွေကျပ် ၁၀၀၀၀ နီးပါးရရှိနေတဲ့အတွက် အဆင်ပြေပြီး ဖီးကြမ်းငှက်ပျောကို စိုက်ပျိုးသင့်ပါတယ်"ဟု ကျောက်တန်းကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသူ ဦးသိန်းထွန်းက ပြောသည်။



**ဇေယျာထက် (မင်းဘူး)**

# မုံရွာမြို့တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဖမ်းဆီးခေါ်ဆောင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၈**

မုံရွာမြို့တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့ကို ဖမ်းဆီးခေါ်ဆောင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။



ဖြိုးလှိုင်



ဒေါ်ရီရီချို



မျိုးမြင့်လှိုင်

ယင်း သတင်းထုတ်ပြန်ချက်အရ မတ် ၃ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာမြို့ မြဝတီရပ်ကွက်တွင် ဆူပူဆန္ဒပြသူများက လမ်းပိတ်ဆို့၍ အတားအဆီးများ ချထားရန်အတွက် ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း (ဒေါင်းကျောင်း) မှ စာသင်ခုံများကို ၎င်းတို့သဘောဖြင့် သယ်ထုတ်ကာ လမ်းအား ပိတ်ဆို့ အသုံးပြုခဲ့ကြသည့်အတွက် ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူတို့က ကျောင်းအဆောက်အအုံအတွင်းသို့ ပြန်လည်သယ်ဆောင်ခဲ့ကြောင်း။

ယင်းကဲ့သို့ စာသင်ခုံများကို ပြန်လည် သယ်ဆောင်မှုအပေါ် ဆူပူဆန္ဒပြသူများက မကျေမနပ်ဖြစ်ကာ အော်ဟစ်ဆဲဆိုပြီး ကျောင်းအုပ် ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်၍ ဆံပင်နှင့် မျက်ခုံးမွေးများရိတ်ပြီး ထိုနေ့ညနေပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်သူ လူအုပ်စု၏ မတရားနိုင်ထက်စီးနင်းပြုလုပ်မှုအား ကြောက်လန့် နေရသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူမှာ နေအိမ်တွင် ဆက်လက်နေထိုင်နိုင်ခြင်း မရှိ၍ နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်သွားရောက်နေထိုင်ခဲ့ရကြောင်း၊ ထိုသို့သွားရောက်နေထိုင်စဉ်အတွင်း ယင်းနေ့ညနေ ၅ နာရီခန့်တွင် အကြမ်းဖက်သူ ၂၅ ဦးခန့်သည် ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးသော့ကို ချိုးဖျက်ဝင်ရောက်ကာ အိမ်တွင်းပစ္စည်းများကို ယူဆောင်ပြီး အိမ်ကို ဖျက်ဆီးခြင်းများ ထပ်မံကျူးလွန်ခဲ့သဖြင့် ဖြစ်စဉ်တွင် ပါဝင်သူများအား စုံစမ်းဖော်ထုတ်၍ အမှုဖွင့်အရေးယူနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား မတရား ဖမ်းဆီးခေါ်ဆောင်ပြီး ဆံပင်နှင့် မျက်ခုံးမွေးများရိတ်ခြင်း၊ နေအိမ်ကို ဖျက်ဆီး၍ ပစ္စည်းများယူဆောင်မှု ကျူးလွန်ခဲ့သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်နေ့က အကြမ်းဖက် ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဒေါ်ရီရီချို (ဘ) ဦးကြီးအောင်၊ ဇေတိကကျောင်းဆရာမ (ရွှေဥဒေါင်းကျောင်း)၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ တစ်ရပ်ကွက်တည်းနေ ဖြိုးလှိုင် (ဘ) ဦးတင်ဝင်းနှင့် မျိုးမြင့်လှိုင် (ဘ) ဦးတင်ဝင်း၊ ရပ်/ကျေး စာရေး၊ ရေအောင့်ကျေးရွာ၊ ယင်းမာပင်မြို့နယ် နေသူတို့ကို မတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သိန္နီနှင့် ကျိုင်းလပ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် သိန္နီမြို့နယ် စယ်အူကျေးရွာအုပ်စု နမ့်စလီးကျေးရွာ အနီးတွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့် မသင်္ကာဖွယ် တွေ့ရှိသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှစိတ်ကြွ ရှူးသွပ်ဆေးပြား ၆,၀၀၀ ကို လည်းကောင်း။



မျိုးဇော် (ခ) ကရင် (ခ) စောအယ် အား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မတ် ၆ ရက် ည ၇ နာရီတွင် မိုင်းပါလျှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းလပ်မြို့ နမ့်ခင်းကျေးရွာအုပ်စု ကျကကျေးရွာနေ မျိုးဇော် (ခ) ကရင် (ခ) စောအယ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၆,၃၆၃ ပြားနှင့် စိတ်ကြွရှူးသွပ်ဆေးအကြေ ၃ ဒသမ ၃၅ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပျဉ်းမနားမြို့နယ်၌ လက်လုပ်မိုင်းဟုယူဆရသော မသင်္ကာဖွယ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၈**

မတ် ၈ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအနီး မြတ်သူမင်း (၂၅ နှစ်)၊ ရန်အောင် (၁) ရပ်ကွက် မောင်းနှင်ပြီး ခန့်မင်းကို (၂၇ နှစ်)၊ ရွှေချီရပ်ကွက် ပျဉ်းမနားမြို့နယ်နေသူတို့ လိုက်ပါလာသည့် ဆိုင်ကယ်နှင့် သွင်ကိုကိုဇော် (ခ) ဖိုးသား (၂၉ နှစ်) ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့နေသူတို့ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့ (၃) ဦး လွယ်ထားသည့် ကျောပိုးအိတ်များအတွင်းမှ ယမ်းဟုယူဆရသော အမှုန့်များ ထည့်ထားသည့် (Signal ကွမ်းစားဆေး) သံဘူး (၆) ဘူး၊ ယမ်းဟု ယူဆရသော အမှုန့်များ ထည့်ထားသည့် (ကွမ်းစားဆေး) သံဘူး အသေး (၃) ဘူးတို့ကို တွေ့ရှိရပြီး ၎င်းသံဘူး (၉) ဘူးတွင် စနက်တံဟု ယူဆရသော ယမ်းမှုန့်များသုတ်လိမ်းထားသည့်အရာများ တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိသူ (၃) ဦးနှင့် လက်လုပ်မိုင်းဟု ယူဆရသည့် ပစ္စည်းများကို စိစစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြင်းမူမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မြင်းမူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာအုပ်စု လှေဦးကန်ကျေးရွာတွင် မတ် ၇ ရက် ည ၁၁နာရီက နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ယင်းကျေးရွာရှိ ဦးမြင့်အောင်က နွားစာတဲအဆောက်အအုံ ဝါးကြမ်းခင်းကို မီးရှို့ရာမှ နွားစာတဲမီးလောင်ပြီး နွားစာတဲနှင့်ကပ်လျက်ရှိသည့် နံကပ်နှစ်ထပ်တိုက်ကို ဆက်လက်ကူးစက်လောင်ခဲ့သည်။ မီးလောင်မှုကြောင့် အလျား ၁၆ ပေ၊ အနံ ၁၆ ပေနှင့် အမြင့် ၁၅ ပေရှိ သွပ်မိုး၊ထရံကာ၊ ဝါးကြမ်းခင်း နွားစာတဲတစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ နှင့် အမြင့် ၁၈ပေရှိ နံကပ်တိုက်နှစ်ထပ်အဆောက်အအုံနှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၉၄၇၀၀၀၀ ရှိပြီး ဝါးကြမ်းခင်းကို မီးရှို့ခဲ့သူ ဦးမြင့်အောင်အသက် (၅၀) နှစ်ကို တောချောင်းဦးတိုက်နယ်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

# တောကျွဲအင်းမြို့၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှ နေအိမ်မီးလောင်မှုဖြစ်

**ကျောက်တံခါး မတ် ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း (ခ) အောင်မြင်မြို့ မြောက်ပိုင်းရပ်ကွက်၌ မတ် ၇ ရက် ညနေ ၄ နာရီခွဲခန့်က လင်မယားချင်း စကားများရန်ဖြစ်ရာမှ နေအိမ်မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အောင်မြင်ကျေးရွာအုပ်စု မြောက်ပိုင်းရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တောကျွဲအင်းနယ်မြေ ရဲစခန်းမှူး ရဲအုပ်မင်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ခံတပ်ကြပ်ကြီး ဖိုးချိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် အခင်းဖြစ်ရပ်သို့ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရာ မတ် ၇ ရက် မွန်းလွဲ ၂ နာရီခန့်က ဇော်နိုင် မြောက်ပိုင်းရပ်ကွက် အောင်မြင်ကျေးရွာအုပ်စု တောကျွဲအင်းမြို့နေသူသည် ဇနီးဖြစ်သူ မမြင့်မြင့်မိုးနှင့် လင်မယားချင်း စကားများရန်ဖြစ်ပြီး ၎င်းပိုင် နေအိမ်အဆင်းအတက် ပြုလုပ်သည့်နေရာမှ ဇော်နိုင်သည် ဝါးနီးစများကို စတင်မီးရှို့ခဲ့ပြီး အိမ်ရှေ့လမ်းမပေါ်သို့ ထွက်သွားခဲ့ရာမှ နေအိမ်မီးစွဲလောင်ခဲ့သဖြင့် နေအိမ်တစ်ခုလုံး ပျက်စီးဆုံးရှုံးသွားခဲ့သည်။

နေအိမ်ကို မီးရှို့သူ ဇော်နိုင်အား တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၈**

နေပြည်တော်၊ ရန်ကုန်မြို့ နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မုံရွာမြို့ပေါ်ရှိ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်း

**မုံရွာ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး ချင်းတွင်းခန်းမ၌ မုံရွာမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းနှင့် အချိုပွဲ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံရွာမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး မုံရွာမြို့ ဓမ္မပါရဂူကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ဩဝါဒစကား နာကြားကာ ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများအား လျှောက်ထားခဲ့ပြီး ရန်ကင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တက်ရောက်လာကြသော မုံရွာမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီး အပါး၂၀ အား နေ့ဆွမ်းနှင့် အချိုပွဲတို့ကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့က ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**






## ဇမ္ဗူသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံ

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ယနေ့နံနက်ပိုင်းမှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနေပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ ခုတင် (၅၀)တွင် နံနက် ၉နာရီမှစတင်ကာ ထိုးနှံပေးနေခြင်းဖြစ်ပြီး ကာကွယ်ဆေးမထိုးမီ သတ်မှတ်နေရာ လေးခု၌ ကာကွယ်ဆေး လာရောက်ထိုးနှံကြသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ်ပေးသည်။ မတ် ၈ ရက်မှမတ် ၁၇ ရက် (နံနက် ၉ နာရီမှ ညနေ ၄ နာရီ) အထိ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး မပျက်မကွက် လာရောက်ထိုးနှံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများက အသိပေး နှိုးဆော်လျက်ရှိကြောင်း ဇေယျာသိဒ္ဓိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်က ပြောသည်။

ကာကွယ်ဆေး ထိုးနှံကြမည့်သူများအား ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားများကိုလည်း သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများတွင် ကြိုတင်ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးရန် ဆေးထိုးကတ်ပြားများကို မဖြစ်မနေ ပြုလုပ်ကြရန် လိုကြောင်းလည်း သိရသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး ရပ်ကွက်အတွင်း ကာကွယ်ဆေးထိုးနှံခွင့် ရှိသူများအားလုံး ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ရပ်ကွက်အတွင်း လိုက်လံ၍ အသိပေးနှိုးဆော်ပေးကြောင်း မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က ပြောသည်။

မြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်း ဆောင်ရွက်ရာသို့ ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုကာ အားပေးစကားများ ပြောကြားကြောင်း သိရသည်။

၁၂၄

## တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား(၂)မှ ပြစ်ဒဏ်စေ့ မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများလက်ခံ

**တာချီလိတ် မတ် ၈**

တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂ )မှ တစ်ဆင့် ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးလာသော ပြစ်ဒဏ်စေ့မြန်မာနိုင်ငံသား ၄၆ ဦးကို ယနေ့နံနက်ပိုင်းတွင် မြန်မာတာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီး လွှဲပြောင်းပေးလာသော အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၄၆ ဦးတို့ကို ထိုင်းတာဝန်ရှိများနှင့် မြန်မာ-ထိုင်း ဆက်ဆံရေးအရာရှိ ခရိုင်ရုံးမှ ဦးထွန်းတို့က ပြန်လည်ပို့ဆောင်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စနစ်တကျပြန်လည်လက်ခံကြသည်။

ပြစ်ဒဏ်စေ့မြန်မာနိုင်ငံသားများကို တပ်မတော်ဆေးတပ်ဖွဲ့မှ ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းနှင့် RDT (Test kit) ဖြင့် ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စနစ်တကျ စစ်ဆေးခဲ့ကြပြီး ဆေးထောက်ခံချက်လက်မှတ်များကို ထုတ်ပေးကြသည်။

ဆက်လက်၍ လွှဲပြောင်းပေးလာသူများကို ဌာနဆိုင်ရာများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းများကောက်ယူပြီး မိမိနေရပ်သို့ ပြန်နိုင်ရေး မော်တော်ယာဉ်များစီစဉ်ပေးကာ ပို့ဆောင်ပေးခဲ့ကြောင်း၊ ထို့အပြင် တာချီလိတ်ဒေသခံ ၃၀ ကျော်ကို မိုးကုတ်ရိပ်သာတွင် အသွားအလာ ကန့်သတ်ထားရှိမည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။ လွှဲပြောင်းပေးလာသူများကို အသွားအလာ ကန့်သတ်ထားရှိနိုင်ရေးနှင့် မိမိနေရပ်သို့ ပြန်နိုင်ရေးအတွက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးလုပ်သားများက လိုက်ပါကူညီဆောင်ရွက်ပေးကြသည်။ **ယာဆေး(ပြန်/ဆက်)**



## မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်

**မိုင်းယောင်း မတ် ၈**

ပညာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အရှေ့ပိုင်း အခြေခံပညာဦးစီးဌာန မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ အဆောက်အအုံမှာ နှစ်ထပ်ဆောင် အမျိုးအစားဖြစ်ပြီး အလျားပေ ၁၀၀၊ အနံပေ ၃၀ အကျယ်ရှိကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၄၈ ဒသမ ၂၀ ဖြင့် တော်ဝင်မိုင်းယောင်းကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ ဆရာ၊ ဆရာမဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းသည် မိုင်းယောင်းမြို့နယ် ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်း ၃၀ ထဲမှ လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# ရမည်းသင်းအကျဉ်းဦးစီးဌာနဝန်ထမ်းများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများစတင်ထိုးနှံပေးလျက်ရှိ



**ရမည်းသင်း မတ် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန ရိပ်သာခန်းမ၌ ယမန်နေ့က ရမည်းသင်းမြို့နယ် အကျဉ်းဦးစီးဌာန ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက မြို့နယ်အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်း စုစုပေါင်း ၁၁၅ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး ဒုတိယ အကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဧပြီ ၃ ရက်တွင် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

# မိုင်းယုတွင် ခရီးသွားပြည်သူနည်းပါးသဖြင့် ပြေးဆွဲသည့် ယာဉ်လိုင်းစီးရေ လျော့နည်းလာ

**မိုင်းယု မတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလဖြစ်၍ ခရီးသည်တင်ယာဉ်လိုင်းများ ခရီးသည်နည်းပါး၍ ယခင်ကထက် ပြေးဆွဲမှု အစီးရေ လျော့နည်းပြီး ခရီးသည် အနည်းအများပေါ်မူတည်၍ တစ်စီးစ နှစ်စီးစ ကုန်ပစ္စည်းများနှင့်အတူ နေ့စဉ် (သို့)ရက်ခြားသာ ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းယုမြို့သို့ ပြေးဆွဲကြသည့် ယာဉ်လိုင်းများမှာ ရွှေဥဒေါင်း၊ ရွှေမိုင်းယောင်းနှင့် ရွှေအိုးရတနာစသည့် ယာဉ်လိုင်းများဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က မော်တော်ယာဉ်လိုင်းကားများ နေ့စဉ် များစွာ ပြေးဆွဲလျက်ရှိသော်လည်း ၂၀၂၁ ခုနှစ် မတ်လကစ၍ ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ခရီးသွားလာသူ နည်းပါးသွား၍ လိုင်းကားများ နေ့စဉ်ပုံမှန်ပြေးဆွဲနိုင်ခြင်း မရှိတော့ပေ။ ယခုအခါ ရွှေမိုင်းယောင်းနှင့် ရွှေအိုးရတနာလိုင်းကားများမှာ မိုင်းယုမှ တစ်ဆင့် ပြေးဆွဲခြင်းမရှိသော်လည်း အခြားဒေသမှ မိုင်းယုသို့ ခရီးသည် (သို့) ကုန်ပစ္စည်းများကို လာရောက် ပို့ဆောင်လျက်ရှိကြောင်း၊ ရွှေဥဒေါင်းယာဉ်လိုင်းမှာ မိုင်းယုတွင် မော်တော်ယာဉ်လိုင်းဂိတ်ရှိ၍ နေ့စဉ်(သို့) ရက်ခြားသာ ခရီးသည်နှင့် ကုန်ပစ္စည်း အနည်းအများပေါ်မူတည်၍ ပုံမှန်ဈေးများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



**ကိုကိုနိုင်(မိုင်းယု)**

# ကျောက်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စားသုံးဆီဖူလုံစေရန် နေကြာသီးနှံများ စိုက်ပျိုးပေး

**ကျောက်ဖြူ မတ် ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ပြည်သူများ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန် ရည်ရွယ်ကာ နေရာဒေသအနှံ့အပြား၌ စားသုံးဆီဖူလုံစေရန် နေကြာသီးနှံများကို စိုက်ပျိုးပေးလျက်ရှိသည်။

ယခုအချိန်တွင် ဒေသအနှံ့အပြား၌ အောင်မြင်ဖြစ်ထွန်းမှုများရှိနေပြီး မတ်လအကုန်တွင် ရိတ်သိမ်းနိုင်မည် ဖြစ်ကြောင်း၊ စားသုံးဆီများ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ခင်စိုးက ပြောသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

ခရမ်းလွန်ရောင်ခြည် အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး


## လူထုအားလုံး ကျန်းမာရေး ကျန်းမာရေးဝန်ထမ်းများကို ကူညီပံ့ပိုးပေး



**#LETSBEATCOVIDTOGETHER**

တစ်ကမ္ဘာလုံးက COVID-19 နှင့် တိုက်ခိုက်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက ကူးစက်ရောဂါကို ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့က COVID-19 ကူးစက်ခံထားရတဲ့ လူနာများနှင့် နေ့စဉ်ထိတွေ့နေရပါတယ်။ လူသားအားလုံးကို ကူညီကာကွယ်ဖို့ ရောဂါကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သူတို့ လက်ခံ ကြုံတွေ့နေရပါတယ်။ ရောဂါကို တိုက်ဖျက်ပြီး လူတိုင်းပြန်ပြီး ကျန်းမာလာစေဖို့ သူတို့အစွမ်းကုန်ကြိုးစားနေကြပါတယ်။ တတ်နိုင်သမျှ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပံ့ပိုးကြပါစို့။

## COVID-19 ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ အနီးကပ်ပြောဆိုဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။




**#LETSBEATCOVIDTOGETHER**

COVID-19 ကပ်ရောဂါ ကူးစက်မှုကို လျှော့ချနိုင်ဖို့ရှောင်ကြဉ်ရမယ့်အချက် (၁) ချက်ကတော့ "အနီးကပ်ပြောဆိုဆက်ဆံခြင်း" ပါ။
လူတစ်ဦးနဲ့တစ်ဦး ပိုပြီးနီးကပ်လေလေ ဗိုင်းရပ်စ်ကူးစက်နိုင်မှု ပိုလွယ်လေပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် မိသားစုဝင်တွေ၊ ခင်မင်ရင်းနှီးသူတွေနဲ့လည်းအနီးအကပ်ပြောဆိုဆက်ဆံတာကိုတတ်နိုင်သမျှရှောင်ရှားပါ။ ၆ ပေ (သို့မဟုတ်) ခြေလှမ်းကျယ်နှစ်လှမ်းစာအကွာမှာနေပြီး သင်ကိုယ်တိုင်နဲ့ အခြားသူတွေကို ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။

# ဖျာပုံတံတား ကြောင်လိမ်လှေကား အဆင်းအတက်တွင် ပိတ်ဆို့ကာရံထားသော သွပ်ပြားများ ပြန်ဖွင့်ပေးရန်မျှော်လင့်

ဖျာပုံ မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် မြို့ဝင်မြို့ထွက် စစ်ဆေးရေးဂိတ်များထားရှိပြီး စစ်ဆေးစဉ်ကာလက ဖျာပုံမြို့ဘက်ခြမ်း ဖျာပုံတံတားကြီးခြေဆင်းဘေးတွင် ခြေကျင်ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် တပ်ဆင်ပေးထားသည့် ကြောင်လိမ်လှေကားကို တာဝန်ရှိသူများက အဆင်းအတက်အောက်ခြေမှ သွပ်ပြားများဖြင့် ပိတ်ဆို့ကာရံထားသည်မှာ **(အောက်ပုံ)** လအတန်ကြာနေပြီဖြစ်သဖြင့် ယင်းလှေကားကို အသုံးပြုနေကြရသည့် ပြည်သူများက ပြန်လည်ဖွင့်လှစ်ပေးရန် မျှော်လင့်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်သူတွေက ဒီကြောင်လိမ်လှေကားကို အသုံးပြုပြီး ခြေကျင်ခရီးသွားတဲ့အခါ တံတားကြီးပေါ်ကနေ အဆင်းအတက်ပြုလုပ်တော့ အချိန်ကုန်သက်သာ၊ ယာဉ်အန္တရာယ်လည်း ကင်းရှင်းပြီး ခရီးသွားရတာ အဆင်ပြေမှာဖြစ်လို့ ကြောင်လိမ်လှေကားခြေရင်းမှာ ပိတ်ဆို့ကာရံထားတာကို ပြန်ဖွင့်ပေးစေချင်ပါတယ်"ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ကြောင်လိမ်လှေကားသည် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ လူမှုစီးပွားရေး၊ ကျန်းမာရေးအတွက် ခြေကျင်ခရီးသွားလာရာတွင် မရှိမဖြစ်လိုအပ်နေသည့် ကြောင်လိမ်လှေကားတစ်ခု ဖြစ်နေသည့်အတွက် အချိန်ကြာမြင့်စွာ ပိတ်ဆို့ကာရံထားသည့် သွပ်ပြားများကို တာဝန်ရှိသူများက ပြန်လည်ဖွင့်လှစ်ပေးမှသာ ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**






**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**

အကြမ်းဖက်မှုတိုင်းအတွက်
အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## ကန့်ဘလူမြို့နယ်တွင် နယ်မြေမီးသတ်စခန်းများ တည်ဆောက်လျက်ရှိ



**ကန့်ဘလူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေ ကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေမီးသတ်စခန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ နယ်မြေမီးသတ်စခန်းများမှာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း **(ယာပုံ)** မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်မီးသတ်စခန်းနဲ့ အလှမ်းကွာဝေးတဲ့ နယ်မြေတွေမှာ သဘာဝဘေး၊ မီးဘေးအန္တရာယ်ကျရောက်ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေအလိုက် မီးသတ်စခန်းတွေကို တည်ဆောက်ခြင်းဖြစ်ပါတယ်။ နယ်မြေအလိုက် မီးသတ်စခန်းဆောက်လုပ်နေတဲ့ နယ်မြေတွေကတော့ ကိုးထောင်ဘို့နယ်မြေ၊ ချပ်သင်းနယ်မြေ၊ ဇီးကုန်းနယ်မြေ၊ ကာဘိုးနယ်မြေတွေမှာ ဝန်ထမ်းနေအိမ်ပါတဲ့ နယ်မြေမီးသတ်စခန်းလေးလုံးကို ဆောက်လုပ်လျက်ရှိပြီး ဒေသခံပြည်သူတွေရဲ့ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူက ပြောသည်။

အဆိုပါ နယ်မြေမီးသတ်စခန်းများကို တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ယင်းနယ်မြေ မီးသတ်စခန်းများသည် အလျား ပေ ၅၀၊ အနံ ပေ ၄၀ ၊ အမြင့် ၃၅ ပေရှိ Steel Structure သုံးထပ်အဆောက်အအုံသစ် လေးလုံးကို နယ်မြေမီးသတ်စခန်း လေးခု၌ ဆောက်လုပ်လျက် ရှိကြောင်းကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မာန်အောင်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**မာန်အောင် မတ် ၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသိပညာပေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လ/ထမီးသတ်ဦးစီးမှူး ဦးကျော်ဖြိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ယမန်နေ့က မီးသတ်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်များသို့လှည့်လည် အသိပေးနှိုးဆော်သည်။

ထိုသို့အသိပေးရာတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ ရေပုံး၊ မီးသတ်ဆေးဘူးစသည့် မီးဘေးကာကွယ်ရေးဆိုင်ရာပစ္စည်းများ အသင့်ထားရှိကြရန်၊ နေအိမ်တွင်လောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ မီးဖိုအနီးတွင် မီးလောင်လွယ်သည့်ပစ္စည်းများ မထားရန်၊ အိမ်တွင်တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝိုင်ယာကြိုးများ၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုရန်၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ ခြင်ဆေးခွေများကို မီးမလောင်နိုင်သည့် အောက်ခံခွက်ဖြင့်သာ ထွန်းညှိရန်၊ ထမင်း၊ ဟင်းချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးမီးဖို အသုံးပြုပါက ချက်ပြုတ်ပြီး မီးကိုစနစ်တကျ ငြိမ်းသတ်ထားရန်၊ မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ချက်ချင်း အကြောင်းကြားပေးကြပါရန် အသိပေးနှိုးဆော်ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**



## ပန်းနာရင်ကျပ်ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဓာတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှု များပြားလာခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့်ရောဂါ ဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- ❍ အသက်ရှူစဉ် ရှီရှီမြည်ခြင်း
- ❍ ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- ❍ မောပန်းလွယ်ခြင်း
- ❍ စူးရှသောအနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုးလာခြင်း
- ❍ ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ❍ ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- ❍ အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့ သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေး နည်းလမ်းများ**

- ❍ ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ❍ ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- ❍ နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သောပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ် ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ဒလမြို့နယ်၌ ပြည်သူလူထုအခြေပြု အခမဲ့ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်ပြီး အထွေထွေရောဂါများ စမ်းသပ်ကုသပေးနေ

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး ပြည်သူလူထုအခြေပြု အခမဲ့ဆေးခန်းကို မတ် ၈ ရက် နံနက်ပိုင်းက ဗညားဒလရပ်ကွက်ရှိ ရွှေကျင်နိကာယ မစိုးရိမ်ကျောင်း စာသင်တိုက် ကုသိုလ်ဖြစ်ဆေးခန်း၌ ဖွင့်လှစ်ခဲ့ပြီး ယင်းဆေးခန်းတွင် ပြည်သူများ၏ အထွေထွေရောဂါများကို စမ်းသပ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဆေးခန်းကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ကာ နှလုံး၊ သွေးတိုး၊ ဆီးချို ဖျားနာလူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အခြား အထွေထွေရောဂါများကို အခမဲ့ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းတွင် စေတနာ့ဝန်ထမ်း ဆရာဝန်များနှင့် သူနာပြု ဆရာ ဆရာမများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကုသနိုင်ကြောင်း သိရသည်။

"အခမဲ့ဆေးခန်းကို ဖွင့်လှစ်ပေးလို့ အဘွားတို့လို မရှိဆင်းရဲသား ပြည်သူတွေအတွက် အလွန်အဆင်ပြေပါတယ်၊ ဝမ်းလည်း သာတယ်၊ အထွေထွေရောဂါတွေ အခမဲ့ ကုသနိုင်တယ်ဆိုလို့ လာပြတာဖြစ်ပါတယ်"ဟု ဆေးခန်းသို့ လာရောက်ပြသသည့် အဘွားတစ်ဦးက ပြောသည်။

ဒလမြို့နယ်၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဖျားနာရောဂါများ ကုသသည့် အခမဲ့ဆေးခန်းတစ်ခုကို ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သော်လည်း လက်ရှိအချိန်တွင် ဖွင့်လှစ်နိုင်ခြင်း မရှိတော့၍ ပြည်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့ရလျက်ရှိသဖြင့် ယခု ပြည်သူလူထုအခြေပြု အခမဲ့ဆေးခန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**



ဆေးခန်းတွင် လာရောက်ပြသ ဆေးကုသနေသည့် ပြည်သူများ။

# မောင်တောမြို့၌ အသက် နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန် ကာကွယ်ဆေးထိုး ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော မတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ အသက် ၂ နှစ် အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန် ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းကို မတ် ၈ ရက်မှစ၍ မြို့ပေါ်ရှိ စုရပ်အသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက အဖွဲ့ ခုနစ်ဖွဲ့ခွဲကာ မြို့ပေါ်ရပ်ကွက်များရှိ စုရပ်အသီးသီး၌ အခြေပြု၍ ဆောင်ရွက်ပေးနေပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ် အောက် ကလေးငယ်များအား အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက် အမြှေးရောင်၊ နမိုးနီးယား ကာကွယ်ဆေးများ၊ ပိုလီယို သောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် ဝမ်းရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။



ကလေးငယ်တစ်ဦးအား ကာကွယ်ဆေး ထိုးပေးနေစဉ်။

မောင်တောမြို့နယ်အတွင်း၌ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ မတ် ၈ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထိုရက်များအတွင်း ကာကွယ်ဆေး မထိုးနှံလိုက်ရသည့် ကလေးငယ်များကိုလည်း အပတ်စဉ် တနင်္လာနေ့တိုင်းတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ရုံး၌ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၈၀၀ လှူဒါန်း

**ညောင်ဦး မတ် ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဝက်သဲကျင်းတဲတိုက်တွင် ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် မြင်းကပါကျေးရွာမှ ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၁၈၀၀ ကို မတ် ၈ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင်ဥပဒေရုံးမှ ရုံးဝန်ထမ်းမိသားစုဝင်များက ရေကုသိုလ်အဖြစ် လှူဒါန်းသော သောက်သုံးရေဂါလန် ၁၈၀၀ ကို မြင်းကပါကျေးရွာရှိ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတ ရေလှူအဖွဲ့က ဝက်သဲကျင်းတဲတိုက်မှ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

ညောင်ဦးမြို့နယ်၌ ပြီးခဲ့သည့် မိုးရာသီက မိုးနည်းခဲ့၍ ကျေးလက်ဒေသများရှိ မြေသားမိုးရေလှောင်ကန်များသို့ ရေဝင်ရောက်မှု လျော့နည်းခဲ့ကာ ပွင့်လင်းရာသီကာလ ရောက်ရှိလာချိန်တွင် ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးမှုနှင့် ဆောလျင်စွာ ရင်ဆိုင်ကြုံတွေ့နေရသည်။ သောက်သုံးရေ လုံးဝပြတ်လပ်သွားခြင်း မရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များကလည်း ရေသယ်ယာဉ်များဖြင့် စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးနဲမြို့ ပြည်သူ့အားကစားကွင်း ဝင်းအတွင်း မိုးလုံလေလုံအားကစားရုံသစ် ဆောက်လုပ်

**မိုးနဲ မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ်ပြည်သူ့အားကစားကွင်း ဝင်းအတွင်း၌ မိုးလုံလေလုံ အားကစားရုံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံ အားကစားရုံသစ်ကို တင်ဒါအောင်မြင်ထားသည့် ချယ်ရီဘုရင်မ ဆောက်လုပ်ရေးကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၆၀ ဖြင့် ဆောက်လုပ်နေခြင်းဖြစ်သည်။ အဆောက်အအုံသည် အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀ နှင့် ခေါင်အမြင့် ၄၆ ပေရှိ Steel Structure အမျိုးအစား တစ်ထပ် အဆောက်အအုံဖြစ်ကာ လက်ရှိအချိန်တွင် တည်ဆောက်မှု ၃၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားရုံတည်ဆောက်ရာတွင် လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ် တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**လဲချား မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့အတွက် ကျေးရွာများသို့ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် လဲချားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်နန်းစန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် နမ့်ကတ်ကျေးရွာနှင့် ပါနော်ကျေးရွာ နှစ်ရွာပေါင်း တစ်ယူနစ်အတွက် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည့် လွယ်နား၊ ဝမ်ပန်း၊ ဟိုနောင်၊ ဟိုလုံး၊ ကုန်းကောက်၊ ဝမ်လုတ်၊ နမ့်မွန်း၊ ဆလိုင်းခုံ၊ ဟိုတိ၊ ဝမ်မိုင်ကောင်းဆန်း၊ မောက်ဝလီနှင့် ဟွေမူ ကျေးရွာ ၁၂ ရွာအတွက် တစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၁၂၀၀ ကိုလည်းကောင်း ကျေးရွာများရှိ စီမံကိန်းကော်မတီများမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ငြိမ်းသူ**

## ကျောက်ဆည်မြို့နယ်မှ မိရိုးဖလာ လှည်းလုပ်ငန်းလုပ်သူများ စီးပွားရေးအခက်အခဲများ ကြုံတွေ့နေ

**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် ဘိုးဘွားများ၏ လက်ငုတ်လုပ်ငန်းဖြစ်သော လှည်းမျိုးမျိုး ပြုလုပ်ရောင်းချခြင်း၊ လှည်းဟောင်းပြုပြင်ခြင်း၊ ရွှေလှည်း၊ ငွေလှည်းနှင့် ပြိုင်လှည်းများ ပြုလုပ်၍ အငှားလိုက်ခြင်းတို့ကို အဓိက လုပ်ကိုင်ကြရာ ယခုအခါတွင်မူ လှည်းလုပ်ငန်းများ တွင်ကျယ်မှုမရှိတော့ခြင်းနှင့်အတူ ရွှေလှည်း၊ ငွေလှည်းများ အငှားလိုက်ရမှုမှာလည်း နည်းပါးလာသောကြောင့် လှည်းလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် ဝင်ငွေအခက်အခဲများ ကြုံတွေ့လာရကြောင်း သိရသည်။



"အရင်က တောခလေ့ အလှူချိန်တွေမှာ ရွှေလှည်း၊ ငွေလှည်းတွေ အငှားလိုက်ခဲ့ရပါတယ်။ အခုတော့ ရှင်လောင်းလှည့်တဲ့ အလှူပွဲတွေ၊ နွားလှည်းပြိုင်ပွဲထည့်သွင်းကျင်းပတဲ့ ဒေသဘုရားပွဲတွေလည်း မရှိတော့ ရွှေလှည်း၊ ငွေလှည်း အငှားလိုက်ရတာတွေ မရှိတော့သလို ဒုန်းလှည်း၊ ပြိုင်လှည်းတွေကို ပြုပြင်ခြင်း၊ အသစ်မှာယူခြင်းတွေလည်း မရှိတော့တဲ့အတွက် ဝင်ငွေနည်းပါးလာပြီး အခက်အခဲတွေ ဖြစ်လာပါတယ်။ ကျွန်တော့်အနေနဲ့ မိမိတတ်မြောက်ထားတဲ့ လှည်းပညာနဲ့ တောင်သူသုံး (ဝန်တင်လှည်း) ပြုပြင်တာတွေကိုပဲ မှေးပြီး လုပ်နေရတာကြောင့် အရင်လို ဝင်ငွေအဆင်မပြေတော့ပါဘူး"ဟု ဇရပ်ဖြူကျေးရွာမှ လှည်းလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်မြင့်က ပြောသည်။

လှည်းများပြုလုပ်ရာတွင် ကျွန်း၊ ပိတောက်၊ အင် စသည့် သစ်သားများကို အဓိကထား အသုံးပြုရပြီး မှာယူလိုသူများ၏ လှည်းအမျိုးအစားများအပေါ် မူတည်ကာ ဈေးအမျိုးမျိုးကွဲပြားကြောင်း၊ နွားပြိုင်ပွဲများတွင် အသုံးပြုသော(မောင်းလှည်း)တစ်စီးလျှင် ကျပ်ငါးသိန်း၊ လှည်းယဉ်တစ်စီးလျှင် ကျပ် ၅၇၀၀၀၀ ခန့်၊ တောင်သူသုံး ဝန်တင်လှည်းကြီးတစ်စီးလျှင် ကျပ် ၆၈၀၀၀၀ ခန့်၊ အလှူများတွင် ရှင်လောင်းလှည့်သည့်(ရွှေလှည်း)တစ်စီးလျှင် ကျပ် ၁၈ သိန်းနှင့် ငွေလှည်းတစ်စီးလျှင် ကျပ် ၁၆ သိန်းခန့်၊ ဟိုတယ်ကြီးအချို့ရှေ့တွင် အလှပြထားသည့် ပေါင်းမိုးလှည်း တစ်စီးလျှင် ကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး

**ပဲခူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၏ ဦးဆောင်စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းမှ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၈ ရက်က ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးများထိုးပေးရာတွင် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့များအား နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီးနောက် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးရာတွင် မတ် ၈ ရက်တွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်း ၉၉၇ ဦးအား နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်ဆရာဝန်များက အဖွဲ့ငါးဖွဲ့ခွဲ၍ ထိုးနှံပေးခဲ့ပြီး မတ် ၉ ရက်မှ ၁၂ ရက်အထိတွင်လည်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၁၈၈၃ ဦးအား ကာကွယ်ဆေးများ ထပ်မံထိုးနှံပေးသွားမည်ဟု သိရသည်။

**တင်စိုး(ပဲခူး)**



## မယ်စဲ့မြို့နယ်၌ ပြည်နယ်စည်ပင်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မယ်စဲ့ မတ် ၈**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီ ငါးခုက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းပွန်းထံမှ သိရသည်။

ကုမ္ပဏီများအလိုက် ဆောင်ရွက်နေသောလုပ်ငန်းများမှာ ငွေနှင်းတောင်ကုမ္ပဏီက အမှိုက်ကျင်းလမ်း အရှည် ၂၂၃ ပေ၌ ၁၂ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျပ် ၃ ဒသမ ၉၂ သန်းဖြင့်လည်းကောင်း၊ ဗိုလ်ဆွန်ပက်လမ်း အရှည် ပေ ၂၀၀ ၌ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျပ် ၃ ဒသမ ၅၂၈ သန်းဖြင့်လည်းကောင်း၊ မြို့ကွက်လမ်း၌ အရှည် ၂၆ ပေ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၂ ဒသမ ၆၄၆ သန်းဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်လမ်း၌ အရှည်ပေ ၃၆၃၀ ပလက်ဖောင်းတည်ဆောက်ခြင်း လုပ်ငန်းကို ကျပ် ၁၂၄ ဒသမ ၄၆ သန်းဖြင့်လည်းကောင်း၊ အမှိုက်ကျင်းဘီးတားတုံး(၂၀x၃၀)ပေ ပြုလုပ်ခြင်း လုပ်ငန်းကို ကျပ် ၉ ဒသမ ၈ သန်းဖြင့်လည်းကောင်း၊ ဘုန်းကြီးကျောင်းအဝင်တံတားချဲ့ခြင်း(၁၆x၆x၈)ပေ လုပ်ငန်းကို ကျပ် ၃ ဒသမ ၄၃ သန်းဖြင့်လည်းကောင်း၊ ရုံးခြံစည်းရိုး အရှည် ၁၈၈ ပေ ပြုပြင်ခြင်းလုပ်ငန်းကို ကျပ် ၇ ဒသမ ၈၄ သန်းဖြင့်လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၉၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



မယ်စဲ့မြို့ ဗိုလ်ချုပ်လမ်း၌ ပလက်ဖောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်

ထို့အပြင် ရေပေးဝေရေး လုပ်ငန်းများကို အောင်မောင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့်၊ အခြား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သီရိဒေါ်စဲကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၂၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပန်းခြံလုပ်ငန်းကို ကယားလှကုမ္ပဏီနှင့် လမ်းမီးတပ်ဆင်ခြင်းလုပ်ငန်းများကို Lighting Specialist ကုမ္ပဏီတို့က ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## တာချီလိတ်မြို့တွင် ပြည်သူလူထုဆေးကုသရေး ယာယီဆေးခန်း ဖွင့်လှစ်

**တာချီလိတ် မတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြည်သူလူထု ဆေးကုသရေးအတွက် ယာယီဆေးခန်းကို တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က မတ် ၈ ရက်နံနက်ပိုင်းတွင် အောင်မြတ်ခန်းမ၌ စတင်ဖွင့်လှစ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်ပြည်သူ့ဆေးရုံကို ပိတ်ထားသဖြင့် ပြည်သူများ၏ မေတ္တာရပ်ခံမှုများကြောင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာ(အခြေချ) တာချီလိတ်မှ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးခြင်းဖြစ်ပြီး အရေးပေါ်လူနာများကို မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာယီဆေးခန်းကို ၂၄ နာရီ ဖွင့်လှစ်ထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ပြသကုသမှုခံယူနိုင်ကြောင်းနှင့် ဆေးကုသမှု ဆောင်ရွက်ပေးရာတွင် တပ်မတော်မှ ဆေးဝါးများနှင့် ကိရိယာများကို အသုံးပြုသလို စေတနာရှင်ပြည်သူများကလည်း ဆေးဝါးများ ပါဝင်လှူဒါန်း ပံ့ပိုးမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

ဒေသခံပြည်သူတစ်ဦး၏ ကလေးတစ်ဦးအား တပ်မတော်ဆရာဝန်တစ်ဦးက ဆေးကုသပေးစဉ်



# ဂျူဗင်တပ်စ် ပထမအကျော့ ရှုံးကြွေး ပြန်ဆပ်ကာ နောက်တစ်ဆင့် တက်ရောက် သွားနိုင်မလား

■ မိုးဇက် – စုစည်းသည်



ယခုတစ်ပတ်တွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ယနေ့မှာ အီတလီကလပ် ဂျူဗင်တပ်စ်အသင်းနဲ့ ပေါ်တူဂီကလပ် ပေါ်တိုအသင်း၊ ဂျာမန်ကလပ် ဒေ့ါမွန်အသင်းနဲ့ စပိန်ကလပ် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအကျော့မှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ဂျူဗင်တပ်စ် vs ပေါ်တို

ပ_ကျော့ရလဒ် ပေါ်တို ၂–၁ ဂျူဗင်တပ်စ်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်အသင်းနဲ့ ပေါ်တိုအသင်းတို့ပွဲစဉ်ကို မတ် ၁၀ ရက် နံနက် ၂ နာရီခွဲတွင် ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အဆိုပါ နှစ်သင်း ပထမအကျော့ ပေါ်တူဂီမြေမှာ ယှဉ်ပြိုင်စဉ်က ဂျူဗင်တပ်စ်အသင်း နှစ်ဂိုး–တစ်ဂိုးနဲ့ အရေးနိမ့်ထားပါတယ်။ ပြည်တွင်း ပြိုင်ပွဲများမှာ ဂျူဗင်တပ်စ်အသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ စပီဇီယာ၊ လာဇီယိုအသင်းတို့ကို ဂိုးပြတ်အနိုင်ရရှိ ထားပါတယ်။ ပေါ်တိုအသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထား တာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်အသင်းကို ပထမအကျော့မှာ အနိုင်ရရှိထားတာကြောင့် ယခုဒုတိယအကျော့မှာလည်း ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဂျူဗင်တပ်စ်အသင်းကလည်း ပထမအကျော့က ရှုံးကြွေးပြန်ဆပ်ကာ ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးကိုသာ အားစိုက်ကစားလာမှာ သေချာပါတယ်။

### ချန်ပီယံလိဂ်မှာ အိမ်ကွင်းအားသာတတ်တဲ့ ဂျူဗင်တပ်စ်

ဒဏ်ရာရကစားသမားအနေနဲ့ ဂျူဗင်တပ်စ်အသင်းမှာ ဒီလစ်၊ ချီလီနီ၊ ဒိုင်ဘာလာ၊ ဒန်နီလိုတို့ရှိနေပြီး ယနေ့ပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာပါဘူး။ ပေါ်တိုအသင်းက အမ်ဘမ်ဘာတစ်ဦးလောက်သာရှိတာကြောင့် ဒဏ်ရာရကစားသမား အနည်းငယ်ပဲရှိတာကို တွေ့ရတယ်။ ဂျူဗင်တပ်စ်အသင်းက ချန်ပီယံလိဂ်မှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်းနောက်ဆုံးခုနစ်ပွဲမှာ ဘာစီလိုနာအသင်းကိုသာလျှင် နှစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတယ်။ ပေါ်တိုအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ကစားထားတဲ့ အဝေးကွင်းနောက်ဆုံးခုနစ်ပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်မှာ အိမ်ကွင်းအားသာတတ်တဲ့ ဂျူဗင်တပ်စ်နဲ့ အဝေးကွင်းအားနည်းတတ်တဲ့ ပေါ်တိုအသင်းတို့တွေ့ဆုံမှုက ဘယ်လိုဖြစ်လာမလဲ။

## ဒေ့ါမွန် vs ဆီဗီလာ

ပ_ကျော့ရလဒ် ဆီဗီလာ ၂–၃ ဒေ့ါမွန်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဒေ့ါမွန်အသင်းနဲ့ ဆီဗီလာ အသင်းတို့ ပွဲစဉ်ကို မတ် ၁၀ ရက် နံနက် ၂ နာရီခွဲမှာ ဒေ့ါမွန်အိမ်ကွင်း၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ နှစ်သင်းရဲ့ ပထမအကျော့ စပိန်မြေမှာ ကစားခဲ့တဲ့ပွဲစဉ်မှာ ဒေ့ါမွန်အသင်းက သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ယခုပွဲစဉ်က ဂျာမန်မြေမှာကစားရမှာဖြစ်တာကြောင့် ဒေ့ါမွန်အသင်းအတွက် နောက်တစ်ဆင့် တက်ရောက်နိုင်ရေး အခွင့်အရေးကောင်းတွေပိုင်ဆိုင်ထားပါတယ်။

### ဂိုးသွင်းခြေစွမ်းထက်မြက်

ဒေ့ါမွန်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်းနောက်ဆုံး ခုနစ်ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိပါဘူး။ ဆီဗီလာအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ကစားထားတဲ့ အဝေးကွင်းနောက်ဆုံး ခုနစ်ပွဲမှာ တစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီဗီလာအသင်းရဲ့စွမ်းဆောင်ရည်က တည်ငြိမ်တာကို တွေ့ရတယ်။ ယနေ့ပွဲစဉ်မှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ဒေ့ါမွန်အသင်းမှ တိုက်စစ်မှူး ဟာလန်းရှိနေပြီး ဆီဗီလာအသင်းမှာ ဆူဆိုရှိနေသည်။ ဒေ့ါမွန်တိုက်စစ်မှူးဟာလန်းသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲငါးပွဲမှာ ရှစ်ဂိုးအထိ သွင်းယူထားနိုင်သလို ဘွန်ဒက်စ်လီဂါ ၁၉ ပွဲမှာလည်း ၁၉ ဂိုးအထိ သွင်းယူထားနိုင်တာကြောင့် ဟာလန်းရဲ့ ဂိုးသွင်းခြေစွမ်းထက်မြက်နေတာကို တွေ့ရတယ်။ ဆီဗီလာတိုက်စစ်မှူး ဆူဆိုက ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲမှာ တစ်ဂိုးသွင်းယူထားနိုင်ပါတယ်။ လာလီဂါ ၂၁ ပွဲမှာလည်း သုံးဂိုးသာ သွင်းယူထားနိုင်တာကို တွေ့ရတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲစုံ သုံးပွဲမှာ သုံးပွဲစလုံးရှုံးနိမ့်ထားတဲ့ ဆီဗီလာအသင်းကို တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဒေ့ါမွန်အသင်း အနိုင်ရရှိကာ နောက်တစ်ဆင့်တက်ရောက်သွားဖွယ်ရှိပါတယ်။

## နောက်ဆုံးရ သတင်းတိုများ

■ လီဗာပူးအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ တိုက်စစ်ကစားသမားသုံးဦးဖြစ်သော ဆာလာ၊ မာနေး၊ ဖာမီနိုတို့သုံးဦးထဲမှ တစ်ဦးဦးကို ဆုံးရှုံးရဖွယ်ရှိသည် ဟု အိုင်ယာလန်တိုက်စစ်ကစားသမားဟောင်း တိုနီ ကက်ကာရီနိုက ပြောကြားလိုက်သည်။ ဆာလာသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၇ ပွဲတွင် ၁၇ ဂိုးအထိသွင်းယူထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် အဆိုပါတိုက်စစ် ကစားသမားသုံးဦး၏ ယခုနှစ်ရာသီ ပရီမီယာလိဂ် စုစုပေါင်း သွင်းဂိုးသည် ဂိုး ၃၀ ရှိလာပြီဖြစ်သည်။



■ ချယ်ဆီး အသင်းသည် အသင်းမှ အသက် (၂၄နှစ်) အရွယ် ဒိန်းမတ် ခံစစ်ကစားသမား ခရစ္စတန်ဆန်ကို စာချုပ်သစ် ချုပ်ဆိုရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီ နည်းပြသစ် တူချယ် လက်အောက်တွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင်လည်း ၁၀ ပွဲအထိ ပါဝင်ကစားခွင့် ရရှိထားသူ ဖြစ်သည်။

■ ချယ်ဆီးအသင်းမှ အသက် (၂၂နှစ်) အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား မက်ကောမစ်ခ်ကို ချန်ပီယံရှစ်ကလပ် မီလ်ဝေါအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ ဝုဖ်၊ ဆောက်သမ်တန်၊ ခရစ္စတယ်ပဲလေ့စ်၊ ဝက်စ်ဟမ်းနှင့် အက်စ်တွန်ဗီလာအသင်းတို့သည် ဘန်လေအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘရွန်ဟီးလ် (၂၅နှစ်) ကို ခေါ်ယူရန်အတွက် ပြီးခဲ့သည့်လအတွင်း စောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

■ ဝက်စ်ဟမ်းနည်းပြ မိုယက်စ်သည် အသင်းမှ ကွင်းလယ်ကစားသမား ရိုက်စ် (၂၂နှစ်) ကို ပေါင်သန်း ၁၀၀ ဖြင့် ရောင်းထုတ်သွားမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါ ကစားသမားကို မန်ယူအသင်းက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၆ ပွဲ ပါဝင်ကစားခွင့် ရရှိထားသည်။

# မန်စီးတီးအသင်းရဲ့ ၂၁ ပွဲဆက် နိုင်ပွဲရရှိမှုကို ရပ်တန့်နိုင်ခဲ့တဲ့ မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၇) အဖြစ် မန်စီးတီးနှင့် မန်ယူအသင်းတို့ ပွဲစဉ်ကို မတ် ၇ ရက် ညပိုင်းက မန်စီးတီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူ အသင်းအတွက် ဂိုးများကို ဖာနန်ဒက်ဇ်နှင့် လုခ်ရှောတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ဝုဖ်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်မှ လူစာရင်းကို သုံးဦးအပြောင်းအလဲပြုလုပ်ပြီး မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။ မန်ယူအသင်းက ပဲလေ့စ်အသင်းနှင့် သရေကျခဲ့သည့်ပွဲစဉ်မှာ လူစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေးကိုသာ ဦးတည်လာသည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်ကို တွေ့ရသည်။ ပွဲအစပိုင်းမိနစ်တွင် မန်စီးတီးဂိုးဧရိယာအတွင်း မန်ယူအသင်းမှ တိုက်စစ်ကစားသမား မာရှယ်ကို မန်စီးတီးတိုက်စစ်ကစားသမား ဂျီးဆပ်ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သောကြောင့် ပယ်နယ်တီရရှိခဲ့သည်။ မန်ယူအသင်းအတွက် အဆိုပါ ပယ်နယ်တီကို ဖာနန်ဒက်ဇ်က အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့သည်။

ပွဲအစ သုံးမိနစ်တွင်လည်း မန်ယူအသင်းမှ လုခ်ရှော၏ ကန်သွင်းချက်ကို မန်စီးတီးဂိုးသမား အီဒါဆင် ကာကွယ်နိုင်ခဲ့သဖြင့် မန်စီးတီးအသင်း သက်သာရာရခဲ့သည်။ ပွဲချိန် ရှစ်မိနစ်တွင် မန်စီးတီးအသင်း ဂိုးရရှိနိုင်လောက်သည့်အခွင့်အရေးကို မန်ယူဂိုးသမား ဟန်ဒါဆင် ကာကွယ်နိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးပေါက်ကန်သွင်းမှုများပြုလုပ်လာနိုင်သော်လည်း လိုအပ်နေသည့် ဂိုးများကို သွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် မိနစ် ၅၀ တွင် မန်ယူအသင်း ဒုတိယဂိုး ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ရက်ဖို့ဒ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် လုခ်ရှောက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းက ဦးဆောင်ဂိုး နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း လူစားလဲမှုအချို့ပြုလုပ်လာခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိပေ။ ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းသည် မန်ယူအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု သိသိသာသာ အသာစီးရယူထားနိုင်သော်လည်း မန်ယူဂိုးသမား ကာကွယ်နိုင်မှု၊ မန်ယူခံစစ်ကစားသမားများ၏ ဖျက်ထုတ်ပုံကောင်းမွန်မှုတို့ကြောင့် ချေပဂိုးနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် သွင်းယူနိုင်ခဲ့သော ဖာနန်ဒက်ဇ်၏ ဂိုးသည် လိဂ်ပြိုင်ပွဲ၌ အီတီဟက်တွင် အလျင်မြန်ဆုံးခွင့်ပြုပေးခဲ့ရသည့်ဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။


မန်ယူအသင်းမှ ဖာနန်ဒက်ဇ် မန်စီးတီးအသင်းဘက်သို့ ပယ်နယ်တီဘောလုံး ကန်သွင်းစဉ်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သောကြောင့် မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုကို လျှော့ချနိုင်ခဲ့သည်။ ထို့အပြင် မန်ယူအသင်းသည် မန်စီးတီးအသင်း၏ ၂၁ ပွဲဆက်နိုင်ပွဲရရှိမှုကို ရပ်တန့်နိုင်ခဲ့သည်။ ထို့အပြင် မန်စီးတီးအသင်း၏ ပြိုင်ပွဲစုံ ၂၈ ရှစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်ကိုလည်း ရပ်တန့်နိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မတ် ၁၁ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်ယူအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းနှင့် မတ် ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ဘင်ဇီမာရဲ့ နောက်ကျဂိုးကြောင့် သရေတစ်မှတ်ရယူနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်အသင်း

စပိန်လာလီဂါပွဲစဉ် (၂၆) အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ မတ် ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် အော့ဘလက်၊ ထရစ်ပီယာ၊ ဆာဗစ်၊ ဖီးလစ်ပီ၊ ဟာမိုဆို၊ ကိုကီ၊ ကော်ရဲရား၊ လော်ရန်တေး၊ လီမာ၊ ကာရက်စ်ကို၊ ဆွာရက်ဇ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းကလည်း အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် ကော့တွိုက်စ်၊ မန်ဒီ၊ ဖာနန်ဒက်ဇ်၊ ဗာရာနီ၊ ဗက်ကွက်ဇ်၊ ခရူးစ်၊ ကက်စမဲရိုး၊ မိုဒရစ်၊ ဆန်စီယို၊ ဘင်ဇီမာ၊ ရိုဒရီဂိုတို့ဖြင့် ပွဲထွက်လာခဲ့သည်။

အနိုင်ရရှိရေးကိုသာ နှစ်သင်းစလုံး ဦးတည်လာခဲ့သောကြောင့် ပွဲမှာ ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို ပထမပိုင်းပွဲချိန် ၁၅ မိနစ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းက စတင်ရရှိခဲ့သည်။ အဆိုပါဂိုးကို တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော ဆွာရက်ဇ်သည် လာလီဂါ ၂၂ ပွဲတွင် သွင်းဂိုး ၁၇ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရီးရဲမက်ဒရစ်အသင်း ချေပဂိုးရရှိရေးအတွက် လူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ ကျော်သည်အထိ မြင်တွေ့ခဲ့ရခြင်းမရှိချေ။ ပွဲချိန် ၈၈ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်း ချေပဂိုးရရှိခဲ့ပြီး ကက်စမဲရိုး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘင်ဇီမာက သွင်းယူပေးနိုင်ခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယနေ့ပွဲစဉ် သရေကျခဲ့သော်လည်း လာလီဂါ ၂၅ ပွဲကစားပြီး ၅၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ ရီးရဲမက်ဒရစ်အသင်းက ၂၆ ပွဲကစားပြီး ၅၄ မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းက မတ် ၁၁ ရက်တွင် ဘီလ်ဘာအိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းက မတ် ၁၃ ရက်တွင် အယ်ချီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



အောင်ဇော်

■ အောင်ဇော် – စုစည်းသည်



အေစီမီလန်အသင်းမှ ဒါးလော့ ဗီရိုနာအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

## ဗီရိုနာကို အနိုင်ယူနိုင်ခဲ့တဲ့ အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၆) အဖြစ် ဗီရိုနာအသင်းနှင့် အေစီမီလန်အသင်းတို့ ပွဲစဉ်ကို မတ် ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက ကရူနစ်၊ ဒါးလော့တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်အသင်းသည် မတ် ၁၂ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ မန်ယူအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ယနေ့ပွဲစဉ်ကို ဒဏ်ရာရရှိနေသည့်ကစားသမားကို ချန်လှပ်ကာ အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ အေစီမီလန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် အမှတ်ပေးဇယားဦးဆောင်သူ အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှု လျှော့ချနိုင်ခဲ့သည်။

# CDM လှုပ်ရှားမှုနောက်ကွယ်က မင်းမဲ့စရိုက်ဆန်မှုများကြောင့် တရားဥပဒေ စိုးမိုးရေးကို ပိုမိုထိခိုက်လာတယ်

ဦးစောမင်းအောင်

## အင်တာဗျူး - ထိုက်အောင်ဝင်း

နိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံရေးအမြတ်ထုတ်သော ဦးဆောင်သူများ၏ CDM ( Civil Disobedience Movement) လှုပ်ရှားမှုမှသည် ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့် လုပ်ရပ်များကိုသာ ဦးတည်နေသည်။ CDM လှုပ်ရှားမှုသည် တိုင်းပြည် အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးပေးနေမှုမှာ အောင်မြင်မှုမရှိခဲ့၍ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များနှင့် ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

### သွားလာလို့အဆင်မပြေအောင်

"အခုရက်ပိုင်းအတွင်း CDM လှုပ်ရှားမှုရယ်လို့ လမ်းမတွေပေါ်မှာ ဆူပူအုံကြွမှု တဖြည်းဖြည်း နည်းလာပေမယ့် ပိုမိုဆိုးရွားတဲ့ မင်းမဲ့စရိုက်ဆန်ဆန် လမ်းတွေပိတ်ဆို့လာတာကို တွေ့မြင်နေရတယ်။ ရပ်ကွက်လုံခြုံရေးကို အကြောင်းပြုပြီး ရပ်ကွက်အတွင်း လမ်းသွယ်များသာမက အများသူငါ သွားလာတဲ့ လမ်းတွေကိုပါ ပြောင်ပြောင်တင်းတင်းလုပ်လာကြတယ်။ အခုဆို ကားတွေ၊ လူတွေက ရှောင်ကွင်းပြီး သွားနေရတာ။ တချို့လမ်းမကြီးတွေပေါ်မှာဆို မိန်းကလေးထဘီတွေပါ ကြိုးတွေတန်းပြီး ကားလမ်းတွေကိုလည်း နည်းအမျိုးမျိုးအဖုံဖုံ သွားလာလို့အဆင်မပြေအောင် လုပ်နေကြတာ တွေ့ရတယ်။။ ဒါတွေက တကယ်တော့ CDM လှုပ်ရှားမှုကို ပိုပြီးအရုပ်ဆိုးအကျည်းတန်မှုတွေ ဖြစ်ပေါ်စေတယ်။ အဲဒီ CDM လှုပ်ရှားမှုနောက်ကွယ်က မင်းမဲ့စရိုက်ဆန်မှုများကြောင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုထိခိုက်လာတယ်။

### သေချာကိုင်တွယ်ပြီး ဖြေရှင်းသင့်

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း အဲဒီလုပ်ဆောင်ချက်တွေကို ဥပဒေနဲ့အညီ ထိထိရောက်ရောက် အလေးပေးဆောင်ရွက်စေချင်တယ်၊ ရုပ်မြင်သံကြားတွေ၊ သတင်းစာတွေကတစ်ဆင့် ဆက်သွယ်တိုင်ကြား သတင်းပို့နိုင်တဲ့ဖုန်းတွေ ထုတ်ပြန်ထားပေမယ့်၊ ဖုန်းဆက်လိုက်ရင် ဘော်လီဘောပုတ်နေတာတွေက များနေတယ်၊ တရားဥပဒေနဲ့အညီ မြေပြင်မှာ တကယ်ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းစေချင်တယ်၊ အဲဒီလမ်းမတွေပေါ် ပိတ်ပင်တားဆီးမှု ဦးဆောင်လုပ်တဲ့သူတွေကို ထိထိရောက်ရောက် အပြစ်မပေးတော့ ခုဟာက မြွေမသေ တုတ်မကျိုး မထိရောက်ဘူး ဖြစ်နေတာ။ တကယ်ထိထိရောက်ရောက်နဲ့ လုပ်လိုက်ရင် သူတို့နောက်မလုပ်ရဲတော့ဘူးလေ။ အခုဟာက လမ်းတွေမှာ ဖြတ်သန်းသွားလာနေတဲ့ ကားတွေကိုတောင် ရှေ့သွားလို့မရဘူး၊ ယာဉ်ထိန်းရဲတစ်ဦးလို အမိန့်ပေး နောက်ပြန်လွှတ်နေကြတာက နိုင်ငံတစ်နိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ လုပ်ရပ်တွေဖြစ်နေပြီ။ ဒါတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ သေချာ ကိုင်တွယ်ပြီး ဖြေရှင်းသင့်နေပြီလို့မြင်တယ်" ဟု မင်္ဂလာတောင်ညွန့် မြို့နယ်တွင် နေထိုင်သော ဦးစောမင်းအောင် (အမည်လွှဲ) က CDM လှုပ်ရှားမှုအကြောင်းပြကာ လမ်းမကြီးများပေါ်၌ မင်းမဲ့စရိုက်ဆန်စွာ လမ်းပိတ်ဆို့ တားဆီးမှုများနှင့်ပတ်သက်၍ သူ့အမြင်ကို ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင်း၌ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ နောက်ကွယ် လမ်းပိတ်ဆို့မှုများသည် တရားဝင် ခွင့်ပြုထားသကဲ့သို့ ပေါ်ပေါ်တင်တင် လုပ်ဆောင်လာကြသည်။ စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့နေသော လမ်းများကို အလျဉ်းသင့်သလို ဖယ်ရှားဆောင်ရွက်သော်လည်း ထိထိရောက်ရောက် အရေးယူမှုမရှိသဖြင့် ထပ်ကာထပ်ကာ လုပ်ဆောင်နေခြင်းကြောင့် စိန်ပြေးတမ်း ကစားနေသကဲ့သို့ ဖြစ်နေသည်။ လုပ်သူလုပ် ဖယ်သူက ဖယ် ထပ်လုပ်သူကထပ်လုပ်နှင့် ဂျာအေးသူ့အမေရိုက် လုံးချာပတ်လည်လိုက်နေသည်ကို ပြည်သူတွေက ပွဲကြည့်ပရိသတ်ပမာ မြင်တွေ့နေရသည်။

### ဝဋ်လိုက်မှာ မကြောက်ကြဘူးလား

အလုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတစ်ခုတွင် ဦးစီးမှူးတာဝန်ဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ချိုချိုမာ (အမည်လွှဲ) က " ကျွန်မ သဃ်န်းကျွန်းမြို့နယ်မှာ နေတာပါ။ အခုရက်ပိုင်းအတွင်း ရုံးသွား/ ရုံးပြန် ဝန်ထမ်းကြိုပို့ (ဖယ်ရီ) ကား အေးအေးချမ်းချမ်းနဲ့ ကောင်းကောင်းမွန်မွန် စီးရတယ်မရှိဘူး။ ဟိုလမ်းက ပိတ်လိုက်၊ ဒီလမ်းကြားက ပိတ်လိုက်နဲ့။ အများသူငါ သွားတဲ့လမ်းကို အခုလို ပိတ်ပင်တားမြစ်တာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်။

### အယုံလွယ်လာတာကို အခွင့်ကောင်းယူနေ

" CDM လှုပ်ရှားမှုမဟုတ်ဘူး။ နိုင်ငံရေးစိတ်ဝင်စားလို့ ဘယ်လိုပဲဖြစ်ဖြစ် ပါဝင်တာကို မပြောလို၊ မဝေဖန်လိုပါဘူး။ ဒါပေမယ့် အဲဒီလို ဆန္ဒထုတ်ဖော်တာတွေကို မြှောက်ပင့်ပေးသူတွေက သူတို့က ဦးဆောင်မလုပ်ဘူး။ နောက်ကွယ်ကနေ လက်ခုပ်တီးအားပေးသလိုလို၊ အအေးဘူးလေး တိုက်သလိုလို၊ ထမင်းဘူးပေးသလိုလိုနဲ့။ ကြည့်လေ အခုသက်ဆိုင်ရာက လိုက်လံဖမ်းတဲ့ထဲမှာ သူတို့တွေ မပါသလောက်ရှားတယ်။ တကယ်ရင်နာဖို့ကောင်းတယ်။ ကျွန်မပြောချင်တာက ကျွန်မတို့လူတွေ သူများမြှောက်ပေးတိုင်း ဒီ CDM လှုပ်ရှားမှုနောက်ကွယ်က အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်သင့်ပြီလို့ထင်တယ်။ မြန်မာလူမျိုးတွေအယုံလွယ်လာတာကိုအခွင့်ကောင်းယူနေတယ်ဆိုတာ သတိချပ်ဖို့တော့ လိုနေပြီလို့ မြင်ပါတယ်" ဟု ရန်ကုန်မြို့တွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ သူမ၏အမြင်ကို ဖွင့်ဟသည်။

### အဖျက်အမှောင့် လုပ်ရပ်တွေက

" ဒီလမ်းတွေပိတ်တာတွေ၊ ရပ်ကွက်လမ်းတွေ လုံခြုံရေးအကြောင်းပြပြီး လူတစ်စုက အမျိုးမျိုးခြယ်လှယ်နေတာတွေကို ကျွန်တော် မနှစ်မြို့တော့ဘူး။ ကျွန်တော်တို့လို တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ သူတွေက အတော်လေးကို အကျပ်ရိုက်နေပြီ။ တကယ်ဆို ကျွန်တော်တို့ ရုံးဖွင့်ရက်ကလေးတွေကို ဦးစားပေး ငွေရှာရတာ။ ကိုဗစ်- ၁၉ ကပ်ရောဂါက တစ်မျိုး၊ ဒီ CDM လှုပ်ရှားမှုက တစ်ဖုံနဲ့ အလုပ်လုပ်ရတယ်ကို မရှိတော့ဘူး။ အခုဆိုရင် CDM လှုပ်ရှားမှု နည်းနည်းငြိမ်တော့ လမ်းပိတ်တဲ့ အဖျက်အမှောင့် လုပ်ရပ်တွေက ဆက်လုပ်လာပြန်ရော၊ မနေ့ကဆို ခရီးသည်လေးနှစ်ယောက်ရလို့ တာမွေကနေ ကျောက်မြောင်းထဲ လိုက်ပို့ပေးပါတယ်၊ ခရီးသည်တွေကို လမ်းထိပ်အထိပဲ ချပေးခဲ့ရတယ်"

### တမင်ရည်ရွယ်လုပ်နေသလိုပဲ

" ဒီနေ့လည်း တာမွေဈေးဘက်ကို ခရီးသည်ရလို့ သွားအပို့ လမ်းမှာ လူတစ်ယောက်နဲ့ စကားများရတယ်။ သွားလို့မရဘူး၊ ဟိုဘက်လမ်းဘက်ကပြန်ကွေ့သွားဆိုတော့ ကျွန်တော်တို့လို အငှားယာဉ်လုပ်သားတွေက ခရီးသည်စိတ်ပျက်လို့ လမ်းပဲလျှောက်တော့မယ်ဆိုရင် ပိုက်ဆံက လုံးဝရလိုက်တော့မှာ မဟုတ်ဘူး။ ကျွန်တော်စိတ်တိုပြီး ဖြစ်ချင်တာဖြစ် ကိုင်းတွေဆွဲဖယ်ပြီး ခရီးသည်ကို သွားပို့ရတယ်။ အတော်ဆိုးတဲ့လူတွေ၊ ကိုယ်ချင်းစာတရား တကယ်မရှိတော့တာ။ အခုလို လမ်းတွေ လိုက်ပိတ်တော့လည်း သူတို့အတွက် ဘာရမှာလဲ။ ပြည်သူတွေကို အမျိုးမျိုးဒုက္ခရောက်အောင် တမင်ရည်ရွယ်လုပ်နေသလိုပဲ။ အဲဒါတွေကို သက်ဆိုင်ရာအနေနဲ့ ဥပဒေနဲ့အညီ အမှန်တကယ် ဖြေရှင်းကိုင်တွယ် ပေးသင့်နေပြီ" ဟု ရန်ကုန်မြို့ အငှားယာဉ်မောင်းတစ်ဦးဖြစ်သည့် ဦးမိုးထွန်း (အမည်လွှဲ) က လမ်းများပိတ်ဆို့နေမှုများနှင့် ပတ်သက်၍ ကြုံတွေ့ခံစားခဲ့ရသမျှကို ရင်ဖွင့်ခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုမှ ဆင့်ပွားလာသော အဖျက်အမှောင့်လုပ်ရပ်များသည် ပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်များပြားသော မြို့ကြီး၏ လမ်းမများပေါ် ယခုကဲ့သို့ တားဆီးပိတ်ပင်မှုလုပ်ရပ်များသည် သူတို့ ထိခိုက်စေချင်သူများကို မထိခိုက်စေဘဲ ခရီးသွား ပြည်သူအများစုကိုသာ ကြီးမားသော ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်စေကြောင်း ရေးသားလိုက်ရပါသည်။

# တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ CDM တွင် ပါဝင်လှုပ်ရှားမှုအပေါ် ဒေသခံပြည်သူများက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ CDM တွင် ပါဝင်ပြီး တာဝန်ပျက်ကွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူများက ယနေ့နံနက်ပိုင်းတွင် "တာချီလိတ်မြို့ ပြည်သူ့ဆေးရုံကြီး အမြန်ဖွင့်ပေးရေး၊ ကျင့်ဝတ်နှင့်မညီသော ဆရာဝန်များအလိုမရှိ၊ CDM ပြုလုပ်သော ကျန်းမာရေးဝန်ထမ်းများ အလိုမရှိ" စသည့် စာသားပါ ဆိုင်းဘုတ်များ၊ ကြွေးကြော်သံများဖြင့် ရှုတ်ချဆန္ဒထုတ်ဖော်မှုများကိုရပ်လျက် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကိုမြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည် ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

စာတည်းအဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြဝင်း
### အသက်(၇၇)နှစ်

ဆရာကြီး ဦးမြဝင်းသည် ၈-၃-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော်၏ တပည့်ကျောင်းသားများ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဥမ္မာတင့်
### ကျောင်းဆရာမ(ငြိမ်း)၊ အထက(၅)ကမာရွတ်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်းသွယ်၊ အမှတ် ၆၁၅(စီ) ၁ နေ ဦးစံတင့်-ဒေါ်ခင်သန်းတင့်တို့၏သမီး၊ ဦးတင်အောင်-(ဒေါ်ကြည်ကြည်တင့်)၊ ဦးမောင်မောင်တင့် - Martine Tint၊ (ဦးဘဉာဏ်)-ဒေါ်သီရိတင့်၊ ဦးကျော်လွင်-ဒေါ်ခင်ဆွေတင့် တို့၏ညီမ၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၈-၃-၂၀၂၂ရက် နံနက် ၇:၃၁နာရီတွင် GRAND HANTHA HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### ဒက္ခိဏသီရိမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၅

ဦးချစ်အုံး(ခ)ဦးကိုကြီး နှင့် ဒေါ်မာမာအေး(ခ)ဒေါ်မာအေး
တရားလို တရားပြိုင်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ဒိုးနွယ်ကျေးရွာနေ ဒေါ်မာမာအေး(ခ)ဒေါ်မာအေး(ဘ) ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်အုံး(ခ)ဦးကိုကြီးက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ် ၂၂ရက် (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ထက်နိုင်)**
**တွံဖက်မြို့နယ်တရားသူကြီး**
**ဒက္ခိဏသီရိမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၃၈၉)၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဦးဝင်းရွှေ ၃/သတန(နိုင်)၀၂၉၉၆၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (ပေ၂၀xပေ၆၀) မြေကွက် (ခြံရှေ့မျက်နှာမှုလျှင် ယာဘက်ခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၈၉)၊ ကံ့ကော်မြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားသူ ဒေါ်အေးသီရိအောင် ၁၂/ဒဂမ(နိုင်)၀၂၁၇၆၉ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဘူမောင် (LL.B) | ဒေါ်ရွှေစင်ဝင်း (LL.B) |
| စဉ်-၂၂၇၄၇ | စဉ်-၁၆၇၀၅ |
| (အထက်တန်းရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

'လင်း' အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် ရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

---

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစောဌေး ၃/မဝတ(နိုင်)၀၆၅၉၇၇ ကိုင်ဆောင်သူမှ ဦးမင်းကျော်ကျော်ဦးနှင့် ဒေါ်မျိုးမျိုးအေးထံမှ အမှတ်(၈၅/အေ)၊ ဒိုင်းဝန်ကွင်းလမ်း၊ ပန်းတိမ်တန်းရပ်၊ ကျိုက်ဖနဲရပ်ကွက်ရှိ အိမ်နှင့်မြေကို ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ပြီး ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၅၁၂၆**
**စမ်းကြီးအင်းဝိုင်း၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၉၆၂၇၈၀၉၄၉**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်နေ ဦးနန်းစန်၏သား (၁၉၆၀) ခုနှစ်တွင် မွေးဖွားသည့် ၁၃/မပတ(နိုင်)၀၃၂၇၅၃ ကိုင်ဆောင်သူ မောင်အိုက်စိန်(ခ)ဦးစိုင်းစွန်းဖုးနှင့်ဦးစိုင်းစန်ဖုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်အိုက်စိန်(ခ)**
**ဦးစိုင်းစွန်းဖုး(ခ)ဦးစိုင်းစန်ဖုး**

---

## အမည်ပြောင်း

ကျိုင်းတုံမြို့နယ်၊ မိုင်းပန်လယ်အုပ်စု၊ နောင်ပန်ရွာမှ ဦးစိုင်းကွမ်းဆိုင်၏သမီး အဌမတန်းအောင်မှ မနန်းမွန်းအော်အား မနန်းမွေ့အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းမွေ့အောင်**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## U Francis Michael (ခ) ဦးသိန်းဇော်
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ တိုက်အမှတ်(၁၄)၊ ဒုတိယထပ်နေ ဒေါ်ကတ်သရင်း ဂျိုးဇက်၏ခင်ပွန်း၊ ဒေါ်ပြုံးပြုံးဇော်-ဦးဂျိုးဇက်၊ Dr. သန်းလတ်အောင်-Dr. ဇင်ဥမ္မာကျော်၊ ဦးကျော်ဇင်ထိုက် - Mrs. Do Hoang Thuiy Tienတို့၏ဖခင်ကြီး၊ မောင်ဝေယံကျော်နှင့် မသဲအိဇင်တို့၏ အဘိုးသည် ၈-၃-၂၀၂၂ရက် နံနက် ၆:၁၀နာရီတွင် နေပြည်တော်၊ ပြည်သူ့ဆေးရုံကြီး၊ ကုတင်(၁၀၀၀)တွင် လူကြီးရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၃-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်ခရစ်ယာန်ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းမြင့်
### စီမံ(၃)/ထွေ၊ ကုန်ရောင်းဝယ်ရေးဌာနခွဲ မန်နေဂျာ(ငြိမ်း)
### စားထွေကော်ပိုရေးရှင်း
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ လမ်းသစ်ရိပ်သာ၊ တိုက် ၇၊ အခန်း (၅)နေ(ဦးမောင်ကြင်-ဒေါ်ဖွားခင်)တို့၏ သမီး၊ (ဦးမျိုးညွန့်-ဒေါ်ကျင်လှ)၊ (ဦးလှမောင်-ဒေါ်သန်းကြည်)၊ ဦးရှိန်ကြည်၊(ဒေါ်မြမြ)၊ (ဦးစိုးမြင့်-ဒေါ်ခင်တုတ်)၊ (ဦးမောင်တင်-ဒေါ်ခင်နု)၊ (ဗိုလ်မှူးစိုးနိုင်-ဒေါ်ခင်ထား)၊(ဦးလှထွန်း-ဒေါ်တင်ရီ(ခ)ဒေါ်ဒေလီ)တို့၏ညီမ၊ တူ၊တူမ ၄၄ယောက် တို့၏ အဒေါ် သည် ၃-၃-၂၀၂၂ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၂ရက် နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြဝင်း (မြဝင်း-ဒဿန)(အမျိုးသားစာပေဆုရ)
### ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)
### အသက်(၇၇)နှစ်

ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ ဆရာကြီး ဦးမြဝင်း (မြဝင်း-ဒဿန)(အမျိုးသားစာပေဆုရ)သည် ၈-၃-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁ နာရီတွင် ပြည်မြို့နေအိမ်၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်မြို့နယ်စာရေးဆရာများ

---

## မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး
## မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် (တတိယအကြိမ်)ဖိတ်ခေါ်အပ်ပါသည်-
(က) (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ(၅၁x၂၅x၂၁)RC(၂)ထပ်(၂)လုံး တည်ဆောက်ခြင်း၊
၂။ တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက -ဖုန်း-၀၆၃-၂၀၂၈၆၃၆၊ ၀၆၃-၂၀၂၈၆၃၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့် ရက်** | - ၉-၃-၂၀၂၂ရက် မှ ၁၅-၃-၂၀၂၂ရက် အထိ |
| (ခ) | **တင်ဒါအဆိုပြုလွှာများ နောက်ဆုံးအတည်ပြုရမည့်ရက်** | - ၁၈-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဘဏ္ဍာ/အုပ်ချုပ်ထောက်ပံ့ဌာန |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် ဆောင်ရွက်မည့်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါ သည့်ရက်မှစ၍ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ Website (www.magwayregion.hluttaw.mm)နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော် Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာ ၂လမ်း၊ အမှတ်၉၄၃ ဟုခေါ်တွင်သော မြေကွက်ကြီး အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အလျား ၄၀ပေ X အနံ ၂၀ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အဆောက်အအုံကို တရားဝင် လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသန်းငွေ ၁၂/အစန(နိုင်)၁၁၉၂၁၅ ထံမှ ဒေါ်ကေခိုင်ဝင်း ၁၂/အစန(နိုင်) ၂၂၄၅၆၄ က ဝယ်ယူရန်အတွက် ၇-၃-၂၀၂၂ ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကိုချုပ်ဆို၍ ရောင်းဖိုးငွေ တချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ဒေါ်ထက်ထက်ခိုင် (တရားလွှတ်တော်ရှေ့နေ) ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ထက်ထက်ခိုင် LL.B, D.IP.L** | **ဦးထူးဝဏ္ဏကိုကို LL.B, D.IP.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၁၁၇)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၄၁၂)** |
| **Pioneer Law Firm** | **ဒေါ်အေးဝတီကိုကို LL.B, D.B.L, D.IP.L,D.M.L** |
| **အမှတ် ၁၆(ပထမထပ်)၊အထက်ဗဟိုလမ်း၊** | **အထက်တန်းရှေ့နေ(စဉ်- ၄၈၄၈၀)** |
| **(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊** | **ဖုန်း-၀၉-၂၅၀၀၆၀၇၃၁၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **၀၉-၇၇၂၅၃၃၁၁၇၊၀၉-၉၈၈၈၀၅၉၀၇** |

သင့် သွေး ဖြင့် အ သက် ကယ် ပါ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
### ဝင်းမျိုးသူရဖောင်ဒေးရှင်း ပိဋကတ်တိုက်ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း(လ/ထညွှန်ကြားရေးမှူး၊ ရေနံဓာတု-ငြိမ်း)
### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၉)လမ်း၊ အမှတ် (၁၆၄) မြေညီနေ (ဦးဒင်္ဂါး-ဒေါ်ကြည်ခင်)တို့၏သား၊ (ငွေဇင်ယော်ဦးကြင်-ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါက်တာဒေါ်တင်လှိုင်(ပါမောက္ခ-ငြိမ်း) (ရက္ခဗေဒဌာန)၏ချစ်လှစွာသော ခင်ပွန်း၊ (ကိုဝင်းမျိုးသူရ)(မဟာမီဒီယာ)၏ဖခင်၊ ဒေါ်တင်အေး၊ (ဦးညွန့်ဝေ)တို့၏ညီ၊ မောင်၊ (ဒေါ်အေးမြင့်)၊ ဒေါ်ကြည်ကြည်ညွန့်၊ ဒေါ်စန်းနွဲ့၊ ဦးမြင့်သန်းတို့၏အစ်ကိုသည် ၈-၃-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမြဝင်း
### ပါမောက္ခချုပ်(ငြိမ်း) ပြည်တက္ကသိုလ်
### မြဝင်း(ဒဿန)၊မောင်လင်းကြည်
### အသက်(၇၇)နှစ်

တောင်သာမြို့နယ်၊ ရသစ်ရွာနေ ဦးဘချစ်-ဒေါ်စိန်ပုတို့၏ သား၊ တလိုင်းရပ်ရွာသစ်ရွာနေ ဦးအောင်ရွှေ-ဒေါ်သိန်းတင် တို့၏ သားသမက်၊ ပြည်မြို့၊ ကိုးသောင်းတိုးချဲ့ရပ်၊ ပြည်သာယာ(၁) လမ်း၊ အမှတ် ၂၀နေ (ဒေါ်ပြုံးခင်)၏ခင်ပွန်း၊ ဒေါက်တာ ဝင်းရဲမွန်ထက်၊ ဒေါက်တာဝင်းအိဇွန်ပြုံး၊ကိုဝင်းချမ်းမြေ့လင်း တို့၏ ဖခင်သည် ၈-၃-၂၀၂၂ရက် နံနက် ၁ နာရီတွင် ပြည်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ အလယ်ကျွန်းရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် ၂၁(ဂ)ကြောင်ငယ်၊ ဦးပိုင်အမှတ်-၂၇၁၊ ဧရိယာ(၀ဒသမ၀၂၃) ဧကရှိမြေမှာ မြိတ်ခရိုင်မြေမှုအမှတ်-၂၉၃/၂၀၀၂ အရ (၃-၁၀-၂၀၀၂) မှ (၂-၁၀-၂၀၃၂) အထိ နှစ်(၃၀)ဂရန်အား ဦးလှဆောင်-ဒေါ်ခင်မာလာတို့အမည်ဖြင့် မြေငှားဂရန်ချထားပေးခဲ့ပါသည်။ အဆိုပါမြေအား ဦးလှဆောင်-ဒေါ်ခင်မာလာတို့မှတစ်ဆင့် ဦးတင်ဝင်းအားလည်းကောင်း၊ ဦးတင်ဝင်းမှ ဦးစိန်ပိုအားလည်းကောင်း၊ ဦးစိန်ပိုမှ ဒေါ်ဇင်မာထိုက်အား လည်းကောင်း၊ ဒေါ်ဇင်မာထိုက်မှ ဦးစိုးမြင့်-ဒေါ်အေးအေးမြင့်တို့အားလည်းကောင်း၊ ဦးစိုးမြင့်-ဒေါ်အေးအေးမြင့်တို့မှ ဒေါ်ချောစုလွင်အား ၅-၅-၂၀၂၀ ရက်တွင် အောက်ခြေကတိစာချုပ်များဖြင့် ရောင်းချခဲ့သဖြင့် ယခုလက်ရှိ ဒေါ်ချောစုလွင်မှ နေအိမ်နှင့် နေအိမ်အသစ်ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာရုံးများတွင် သွားရောက်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချောစုလွင်(ဘ)ဦးမြင့်လွင်**
**ကန်ခေါင်းရပ်၊ မြိတ်မြို့**

---

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၁၁၆)တွင် ဖွင့်လှစ်ထားရှိသော WM Water Company Limited (Company Registration No: 104203507)သည် (၈-၃-၂၀၂၁)ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ ရှယ်ယာအရေအတွက် (၅၀၀၀)စု၊ တန်ဖိုးငွေကျပ် (၅၀၀၀၀၀၀၀၀/-) မှ (၅၀၀)စု၊ တန်ဖိုးငွေကျပ် (၅၀၀၀၀၀၀၀/-)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

---

### ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်း
### အများသိစေရန်
### အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၃/၁)၊ ဦးပိုင်အမှတ်(၃၄/ခ)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်ကို မူလက ဒေါ်အေးကြူအမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့်မြေကွက်ဖြစ်ပြီး (၉-၂-၂၀၁၈)ရက်တွင် ဒေါ်အေးကြူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝေဖြိုးသူထံမှ ဒေါ်ရှင်းလီက နှစ်ဦးသဘောတူ နေအိမ်မြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ရှင်းလီ ၁/ဝမန(နိုင်)၀၆၁၇၁၃ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် (၂၂-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၁၁၆၂/၂၀၂၀)ကို (၂၄-၉-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၆၂၅/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## အများသိစေရန်
## ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ဒသမ၀၂၆) ဧကရှိ မြေကို အမှုတွဲအမှတ်(V) ၂၀၀/၁၉၈၇-၁၉၈၈ အရ ဦးသန်းထွန်း အမည်ဖြင့် နှစ်(၃၀)အငှားဂရန် ရရှိထားသော မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်အား ထုတ်ယူခွင့်ပြုပါရန် ဦးသန်းထွန်းမှ စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လျှောက်ထားလာခြင်းအပေါ်ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## သတိပေး
## နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# သတင်းဌာန ၅ ခုအား ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**နေပြည်တော်   မတ်   ၈**

ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်အမှတ် (၁/၂၀၂၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အမိန့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ၄၂၀ တို့အရ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အခွင့်အာဏာကို လွှဲအပ်ကျင့်သုံးခွင့် အပ်နှင်းခဲ့ကြောင်း၊ သို့ဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော မဇ္ဈိမ ၊ DVB ၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ယနေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်း၊ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်း မပြုရန် ကြေညာအပ်ပါကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

၈-၃-၂၀၂၁

ချောက်မြို့ ၄၁ ဒီဂရီစင်တီဂရိတ်စီ

သိမ်ဇရပ်မြို့ ၄၁ ဒီဂရီစင်တီဂရိတ်စီ

ရန်ကုန် (ကမ္ဘာအေး) ၄၀ ဒီဂရီစင်တီဂရိတ်

## နိုင်ငံတော်မှအားထားရသည့် အလုပ်သမား၊ လယ်သမားများအတွက် အသိပေးကြေညာချက်

နိုင်ငံတော်ကို အရေးပေါ်အခြေအနေ သတ်မှတ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်မှ အားထားရသော အလုပ်သမားများ၊ တောင်သူလယ်သမားများ နေ့စဉ်တွေ့ကြုံခံစားနေရသည့် အခက်အခဲအကျပ်အတည်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလကုန်အထိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)တွင် (၃၄)မှု၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် (၉၉)မှု၊ ခုံသမာဓိအဖွဲ့တွင် (၃၈)မှုနှင့် ခုံသမာဓိကောင်စီတွင် (၂၄)မှု ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား၊ လယ်သမားများအကြား ပေါ်ပေါက်လာမည့် အခက်အခဲပြဿနာများကို တရားဝင်ဖွဲ့စည်းထားသည့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)အရ ဖွဲ့စည်းထားသည့် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ရေးအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၈၇၈ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၇ |
| ၃ | မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်း | ၁၆၁ |
| ၄ | မြို့နယ်အဆင့် အလုပ်ရှင်အဖွဲ့အစည်း | ၁ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်သမားအဖွဲ့အစည်း | ၂၄ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၉ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ |
| ၉ | အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) | ၃၅၈၇ |
| ၁၀ | မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | ၃၂၅ |
| ၁၁ | ခုံသမာဓိအဖွဲ့ | ၁၅ |
| ၁၂ | ခုံသမာဓိကောင်စီ | ၁ |



# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ COVID-19 ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော်   မတ်   ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်ဆေးများကို နိုင်ငံနှင့် အဝန်းထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးဖြစ်သော ကာကွယ်ဆေးအရေအတွက် ၃ ဒသမ ၅ သန်းအနက် ၁ ဒသမ ၁ သန်းခန့်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ခွဲထားရှိပြီးဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ●

နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ အား ဖမ်းဆီးအရေးယူ *စာမျက်နှာ - ၁၂*

CDM လှုပ်ရှားမှုတွင် အဓိကဦးဆောင်ပါဝင်သော ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ အာကာမိုးသူအား ဖမ်းဆီးအရေးယူ *စာမျက်နှာ - ၁၃*

ဘရာဇီးနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၁ သန်း ကျော်ရှိ *စာမျက်နှာ - ၁၄*